# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၀၂)


**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။

## အာရှသိပ္ပံ စခန်းချနေထိုင်ခြင်းအစီအစဉ်သို့ မြန်မာနိုင်ငံမှ ကျောင်းသား နှစ်ဦးနှင့် ကျောင်းသူ သုံးဦး တက်ရောက်ခွင့်ရရှိ

ရန်ကုန် ဩဂုတ် ၂

တရုတ်နိုင်ငံ ဟောင်ကောင်တက္ကသိုလ်၌ ဩဂုတ် ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၁၆) ကြိမ်မြောက် အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ် (Asian Science Camp 2026) သို့ မြန်မာနိုင်ငံမှ ကျောင်းသား နှစ်ဦးနှင့် ကျောင်းသူ သုံးဦးတို့ တက်ရောက်ခွင့် ရရှိကြသည်။

အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ်ကို ၂၀၀၇ ခုနှစ်မှ စတင်ခဲ့ပြီး ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ အစ္စရေး၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်စသော အာရှတိုက်တွင်း နိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖






## မြိတ်မြို့နယ်အတွင်း မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းတူးဖော်ခြင်းလုပ်ငန်းသုံးခု ရာနှုန်းပြည့်ပြီးစီး

မြိတ် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု၊ အင်္ဂမော်ကျေးရွာအုပ်စုနှင့် သမုတ်ကျေးရွာအုပ်စုတို့တွင် မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှုမရှိစေရေးနှင့် ချောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ခဲ့သည့် ချောင်းတူးဖော်ရေးလုပ်ငန်း သုံးခုသည် ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳


**ယနေ့ ဖတ်စရာ**

အများပြည်သူ အကျိုးပြုလုပ်ငန်းများနှင့် အခွန်ငွေများ၏ တိုက်ရိုက်ဆက်စပ်မှု — ဆောင်းပါး ၆

ဈေးကွက်ဝင် ဆန်စပါးမျိုးကောင်း ရွေးချယ်စိုက်ပျိုးလို့ တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်စို့ … — ဆောင်းပါး ၁၀

တစ်ပတ်တာဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ — စာမျက်နှာ ၁၃


## ဒေသတွင်း ကော်ဖီပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် ဗီယက်နမ်နိုင်ငံ ကော်ဖီသုတေသနဌာနတို့ ဆွေးနွေး

ရန်ကုန် ဩဂုတ် ၂

ဒေသတွင်း ကော်ဖီပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မြန်မာနိုင်ငံ ကော်ဖီအသင်း(MCA)နှင့် ဗီယက်နမ်နိုင်ငံ ကော်ဖီသုတေသနဌာနတို့ ဇူလိုင် ၃၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✳



## ဝန်မြစ်ရေကာတာ ကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝန်မြစ်ရေကာတာ ကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ် ရပ်ကွက်(၅)ခု မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၄၅ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ *စာမျက်နှာ ၃ ကော်လံ ၅* ❏



**တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးဆက်လက်ပိုနေမည်**

နေပြည်တော် ဩဂုတ် ၂

ဩဂုတ် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

မြန်မာ့အလင်း

# အဂတိကင်းကင်း၊ စိတ်ထားမှန်မှန်

တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် အဂတိလိုက်စားမှုများ ကင်းရှင်းစေရန် အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး စိတ်ထားမှန်ကန်စွာ လုပ်ဆောင်ကြရန် အထူးလိုအပ်ကြောင်း နိုင်ငံတော်အစိုးရ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားသွားခဲ့သည်။

အဂတိလိုက်စားမှုကိုဥပဒေ၌ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဥပဒေသဘောအရ ထောင့်စေ့အောင် ရှည်ရှည်လျားလျား ဖွင့်ဆိုထားသည်ကို တွေ့နိုင်သော်လည်း သဘောလက္ခဏာအားဖြင့်မူ ရာထူးတာဝန်ကို အကြောင်းပြုခြင်း၊ တရားနည်းလမ်းမကျ ကိုယ်ကျိုးရယူခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့်မညီခြင်း၊ ဥပဒေဖောက်ဖျက်ခြင်း စသည်တို့ ပေါင်းရုံးပါဝင်လျက်ရှိသည်။ အဂတိလိုက်စားမှုများဖြစ်သည့် လာဘ်ပေးလာဘ်ယူပြုခြင်း၊ အကျင့်ပျက်ခြစားခြင်းတို့ ရာထူးအဆင့်ဆင့်၊ ဌာနအသီးသီးတို့တွင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် အမြစ်တွယ်လာသည်နှင့်အမျှ လူမှုအဖွဲ့အစည်းအတွင်း ဆုတ်ယုတ်မှုများမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေသည်။

အဂတိလိုက်စားမှုများသည် ငွေစအနည်းငယ်မျှ လက်သိပ်ထိုးပေးရသော ဌာနဂိတ်တံခါးစောင့်မှသည် နိုင်ငံအဆင့်စီမံကိန်းကြီးများအထိ ပုံစံအမျိုးမျိုးရှိနိုင်ပြီး နိုင်ငံအပေါ်သက်ရောက်မှုများမှာလည်း လွန်စွာကျယ်ပြန့်သည်။ လေ့လာမှုတစ်ရပ်တွင် အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ၏ ရင်းနှီးမတည်ငွေအား တဖြည်းဖြည်းနည်းပါးစေခြင်းဖြင့် ရေရှည်တည်တံ့မှုမရှိသော လမ်းကြောင်းပေါ်သို့ ရောက်ရှိစေနိုင်ကြောင်း တွေ့ရသည်ဟုဆိုသည်။ ယှဉ်ပြိုင်ရမည့်လုပ်ငန်းများ သို့မဟုတ် ကန်ထရိုက်စာချုပ်များကို အဂတိဖြင့်ချပေးပါက မျှတသောယှဉ်ပြိုင်မှုကို ထိခိုက်စေပြီး အရည်အသွေးရှိသောလုပ်ငန်းများ ပြိုလဲသွားစေမည်ဖြစ်သည်။ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ဝင်ရောက်လာရမည့် အခွန်အမျိုးမျိုးတို့သည် အဂတိလိုက်စားမှုကျူးလွန်သည့် တာဝန်ရှိသူများထံ ပမာဏအမျိုးမျိုးဖြင့် ရောက်ရှိသွားခြင်းကြောင့် အစိုးရကပြည်သူအတွက် ဆောင်ရွက်ပေးရမည့် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်လုပ်ငန်းများတွင် ထိခိုက်ယုတ်လျော့စေသည်။ နိုင်ငံဖွံ့ဖြိုးမှုကိုလည်း နှောင့်နှေးနောက်ကျစေသည်။

အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းများ၊ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေမည်ဆိုပါက ပြည်သူလူထုအပေါ် ဖိစီးမှုဖြစ်ပေါ်စေပြီး စိတ်ပြိုငြင်မှုများ ဖြစ်ပေါ်လာစေကာ ဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရအပေါ် ယုံကြည်ကိုးစားမှု ကျဆင်းလာစေသည်။ တစ်ဆက်တည်းတွင် အဖွဲ့အစည်းများအနေဖြင့်လည်း စွမ်းဆောင်ရည်ကျဆင်းလာစေပြီး တရားဥပဒေစိုးမိုးမှု လျော့ပါးလာစေမည်ဖြစ်သည်။

"အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည်လည်း နိုင်ငံတော်တည်ဆောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးစားပေးလုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ ယခင် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလအတွင်း တာဝန်ရှိသူများ၏ မဆင်မခြင်ဆောင်ရွက်မှုများနှင့် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ သန်းနှင့် မြန်မာငွေကျပ် ၂၂၆ ဒသမ ၁ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရပါကြောင်း၊ 'သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်မှု'ဖြစ်စေရေးကို အဓိကရည်မှန်းချက်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များသာမက ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နေရသည့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းများကပါ အဂတိကင်းရှင်းစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။" နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် နိုင်ငံတော်သမ္မတက ပြောကြားခဲ့ရာ အလေးအနက်ပြုကြရန်လိုအပ်သည်။

သန့်ရှင်းသည့် အစိုးရ၊ ကောင်းမွန်သည့်အုပ်ချုပ်မှုကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော် (The State) တွင် တာဝန်ရှိသော ဌာနဆိုင်ရာအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းအဆင့်ဆင့်၊ ပုဂ္ဂလိကပိုင်ကဏ္ဍများ၊ မြန်မာ့လူမှုအဖွဲ့အစည်း (Civil Societies)များက အဓိကပါဝင်ကြရမည်ဖြစ်သည်။ ကောင်းမွန်သော အုပ်ချုပ်ရေးကသာ ကောင်းမွန်သည့်လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့်လူ့အဖွဲ့အစည်းကသာ ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကောင်းမွန်သည့် အုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများဖြစ်သော ပွင့်လင်းမှု၊ တာဝန်ခံမှု၊ ဥပဒေနှင့်ညီညွတ်မှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ ပြည်သူလူထု၏ ဆန္ဒသဘောထားကို အလေးထားမှုတို့နှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများအတွင်း အဂတိကင်းရှင်းစွာဖြင့် နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

## ၂ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

---

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

---

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဩဂုတ် ၂
မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃ - ၈ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၄၀ | ၃၇၇၅ | ၃၇၃၅ | ၃၆၅၅ | ၃၇၈၅ | ၃၈၀၀ | ၃၈၂၅ | ၃၇၂၀ | ၄၀၄၀ | ၄၀၈၀ | ၃၇၄၀ | ၃၈၅၅ | ၃၈၂၀ | ၃၇၈၅ | ၃၈၀၀ | ၄၀၃၅ |
| 95 Ron | ၃၆၈၅ | ၃၈၂၅ | ၃၇၈၀ | ၃၇၀၀ | ၃၈၃၀ | ၃၈၄၅ | ၃၈၇၀ | ၃၇၆၅ | ၄၀၈၅ | ၄၁၂၅ | ၃၇၈၅ | ၃၉၄၀ | ၃၈၇၀ | ၃၈၃၀ | ၃၈၄၅ | ၄၀၈၅ |
| HSD (500 ppm) | ၃၉၈၅ | ၄၁၁၅ | ၄၀၇၅ | ၄၀၀၀ | ၄၁၂၀ | ၄၁၃၅ | ၄၁၆၀ | ၄၀၆၀ | - | ၄၄၀၅ | ၄၀၈၀ | ၄၅၇၀ | ၄၁၆၀ | ၄၁၂၀ | ၄၁၃၅ | ၄၃၆၅ |
| HSD (50 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | ၅၂၃၀ | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |
| HSD (10 ppm) | ၄၈၃၀ | ၄၉၆၅ | ၄၉၂၅ | ၄၈၄၅ | ၄၉၇၀ | ၄၉၉၀ | ၅၀၁၅ | ၄၉၁၀ | | ၅၂၇၀ | ၄၉၂၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၇၀ | ၄၉၈၅ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၄၆ | ၃၅၄၉ |
| 95 Ron | ၃၄၉၁ | ၃၅၉၅ |
| HSD (500 ppm) | ၃၇၉၃ | ၃၈၉၉ |
| HSD (50 ppm) | ၄၅၉၈ | ၄၇၁၉ |
| HSD (10 ppm) | ၄၅၉၈ | ၄၇၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**"ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

*✻ မြိတ်မြို့နယ်မှ*

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် သမုတ်ကျေးရွာအတွင်းမှ ကျောက်ဖျာမြစ်အတွင်းသို့ စီးဆင်းလျက်ရှိသည့် ပန်းချီရှောင်ချောင်း အရှည် ပေ ၅၀၀၀၊ ထိပ်ဝအကျယ် ၂၄ ပေ၊ အနက် ၇ ပေ၊ အင်္ဂမော်ကျေးရွာ နတ်တလင်းသစ်တောကြိုးဝိုင်းတောင်မှ အင်္ဂမော်ချောင်းမကြီးအတွင်း စီးဆင်းလျက်ရှိသည့် မယင်းငယ်ချောင်း အရှည်ပေ ၆၀၀၀၊ ထိပ်ဝအကျယ် ၂၂ ပေ၊ အနက် ၇ ပေနှင့် စန္ဒဝတ်ကျေးရွာ ကျောက်ဖြူတောင်လမ်းဆုံနှင့် အက်စ်ကွေ့တံတားဝန်းကျင်မှ စီးဆင်းလျက်ရှိသည့် ဦးချမ်းအေးချောင်း အရှည်ပေ ၆၀၀၀၊ ထိပ်ဝအကျယ် ၂၂ ပေ၊ အနက် ၇ ပေတို့ကို တူးဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါချောင်း သုံးခုကို တူးဖော်ဆောင်ရွက်ခဲ့သည့်အတွက် ပန်းချီ ရှောင်ချောင်းအနီး မိုးစပါး စိုက်ဧက ၃၀၊ မယင်းငယ်ချောင်းအနီး လမ်းမကြီးရေကြီးရေလျှံမှုနှင့် မိုးစပါး စိုက်ဧက ၃၀ ခန့်၊ ကျောက်ဖြူတောင်လမ်းဆုံမှ အက်စ်ကွေ့တံတားအတွင်း ပြည်ထောင်စုလမ်းမပေါ် ရေကြီးရေလျှံခြင်းနှင့် မိုးစပါး စိုက်ဧက ၈၀ ခန့် ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ **ခိုင်ထူး(ပြန်/ဆက်)**

## ဝါးအမျိုးမျိုးမှ ပျော့ဖတ်များ ထုတ်လုပ်နိုင်ရေး စမ်းသပ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ရေနီမြို့ စက္ကူစက်ရုံ(ရေနီ) ရှိ ခေတ်ခွဲခန်းတွင် ဝါးအမျိုးမျိုးမှ ပျော့ဖတ်များ ထုတ်လုပ်နိုင်ရေး စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါစက်ရုံမှ သိရသည်။

အဆိုပါစက်ရုံ၌ ဝါးအမျိုးမျိုးမှ ပျော့ဖတ်များ ထုတ်လုပ်နိုင်ရေး စမ်းသပ်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စနစ်တကျမှတ်တမ်းထားရှိရန်၊ ပျော့ဖတ်များကို စီးပွားရေးတွက်ခြေကိုက်မှုရှိအောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို MSME လုပ်ငန်းရှင်များအား နည်းပညာလွှဲပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ စက္ကူများချက်လုပ်နိုင်ရေးအတွက် ချက်အိုးများကို ပြည်တွင်း၌ ထုတ်လုပ်နေသဖြင့် လိုအပ်သည့် နည်းပညာများကို ပံ့ပိုးပေးရန် မှာကြားသည်။

ထို့ပြင် ရေနီမြို့ရှိ တန် ၂၀ စက္ကူစက်ရုံမှ ထုပ်ပိုးစက္ကူများ ထုတ်လုပ်ထားရှိမှု၊ ရေတာရှည်မြို့နယ် မြို့လှရှိ KKN တစ်ရှူးနှင့် ရွှေဝါးတူလုပ်ငန်း၊ YDE Pulp & Paper Co., Ltd.၏ တန် ၅၀ ကျ စက္ကူစက်ရုံ(**အပေါ်ပုံ**) ၌ စက်ပစ္စည်းများ တပ်ဆင်နေမှု၊ ကျော်မိုးနိုင် မိသားစု၏ တန် ၅၀ ဆန့်စက်၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားကာ MSME လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများ ထောက်ပံ့ပြီး ရေတိုက်စားပြိုကျမှု ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**ပုသိမ် ဩဂုတ် ၂**

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ခတ္တူကျေးရွာအုပ်စု ရွာသစ်စုကျေးရွာဓမ္မာရုံနှင့် ခတ္တူကျေးရွာ ဦးဘစိုဓမ္မာရုံတို့ရှိ ရေဘေးသင့် ပြည်သူများအား ဆန်ရိက္ခာ၊ ရေသန့်နှင့် အခြေခံစားသောက်ကုန်များကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ထောက်ပံ့ပေးအပ်သည်။



ထိုသို့ သွားရောက်ထောက်ပံ့စဉ် ဒေသခံပြည်သူများ ဆက်သွယ်ရေးကွန်ရက်များ မပြတ်တောက်စေရေး၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံများအတွက် လိုအပ်သည့် စက်သုံးဆီများ ဖြည့်ဆည်းပေးနိုင်ရေး၊ ဖုန်းနှင့် လျှပ်စစ်ပစ္စည်းများ အလွယ်တကူအားသွင်းနိုင်ရေးအတွက် ဆိုလာစနစ်နှင့် မီးစက်များ မောင်းနှင်ပေးနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ရွာသစ်စုကျေးရွာဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ စတုမုခစေတီတော်ကြီး ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုအားပေးသည်။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဦးစီး၍ လက်ရှိ ကမ်းရင်းတာ(တာဟောင်း)ကို ရေတိုက်စားပြိုကျမှုမှ ကာကွယ်နိုင်ရန်အတွက် တာခြေထောက်ခြင်းလုပ်ငန်းများအဖြစ် Geo Bag ကမ်းထိန်းအိတ်များချခြင်း၊ မျောတုတ်တန်းကာ၍ သဲအိတ်ဖြည့်ခြင်းလုပ်ငန်းများ၊ ကမ်းရင်းတာ (တာဟောင်း) ပေ ၁၂၀ ရေဝင်ပေါက်ကို ဘေးနှစ်ဖက် မျောတုတ်တန်းများရိုက်၍ သဲအိတ်များထည့်ကာ ရေစီးကြောင်းအရှိန်လျှော့ချရေး ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ပန်းတာအား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သောတိုင်းတာမှုလုပ်ငန်းများနှင့် ပစ္စည်းစုဆောင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေစီးကြောင်း အရှိန်လျှော့ချရေးနှင့် ရေနက်စီးကြောင်း ပိတ်ဆို့ဟန့်တားရေးအတွက် Geo Bag များ၊ ကျောက်ဖြည့်သံခြင်း ချခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သဲနှင့်ကျောက်များကို အနီးဆုံးနေရာများမှ သယ်ယူရရှိရေးနှင့် စက်ယန္တရားများ အမြန်ဆုံးရောက်ရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

*✻ ဒေသတွင်းမှ*

မြန်မာနိုင်ငံ၏ ကော်ဖီကဏ္ဍကို မြန်မာပြည်၏ မတူကွဲပြားသော ပထဝီဝင်အနေအထား ဒေသအမျိုးမျိုးတွင် ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အဆင့်မြင့် ကော်ဖီမျိုးစေ့နည်းပညာ၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော မျိုးဗီဇအရင်းအမြစ်များနှင့် မျိုးရွေးချယ်မှုများအပေါ် အဓိကထား ဆွေးနွေးသည်။

မြန်မာနိုင်ငံ၏ ပေါ်ထွန်းလာမည့် အလားအလာများကို ကမ္ဘာ့အဆင့်မီ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် ချိတ်ဆက်ခြင်းအားဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကျင့်စဉ်များ၊ တိကျခိုင်မာသော နည်းပညာအသိပညာဖလှယ်မှုများနှင့် ပိုမိုခိုင်မာအားကောင်းသော အရှေ့တောင်အာရှကော်ဖီအသိုက်အဝန်းကြီးပေါ်ထွန်းလာစေရန်နှင့် ဗီယက်နမ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ ထုတ်ပြန်ထားသည်။ **MT**

*❑ ဝဲခံ့မြစ်ရေကာတာမှ*

မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းမှု၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးမှု၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ မြစ်ရေဝင်ရောက်မှုအား ကာကွယ်ရန် ရေရှိန်တားပြုလုပ်နေမှုနှင့် ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*❖ ရွှေဖုံးမှ*

အာရှတိုက်မှ နိုဘယ်ဆုရ သိပ္ပံပညာရှင်များ လာရောက်၍ ကျောင်းသား ကျောင်းသူလူငယ်များနှင့်အတူ စခန်းချနေထိုင်ကြပြီး သိပ္ပံပညာရပ်ဆိုင်ရာဟောပြောပွဲများ၊ လေ့လာရေးခရီးများ၊ သိပ္ပံပညာရပ်ဆိုင်ရာပြိုင်ပွဲများ ပါဝင်ကာ နှစ်စဉ်အာရှတိုက်မှ လူငယ် ၃၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **မျိုးမင်းသူရ**

ပညာရွှေအိုး လူမခိုး

ပညာရဲရင့် ပွဲလယ်တင့်

## အင်းလေးဒေသ၌ Bio Septic Tank များ အစားထိုးသုံးစွဲရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၂**

အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမှိုက်များစွန့်ပစ်ခြင်းနှင့် ကျန်းမာသန့်ရှင်းရေးအတွက် အိမ်သာသုံးစွဲရာတွင် တိုက်ရိုက်အညစ်အကြေး စွန့်ပစ်ခြင်းတို့အစား ပိုမိုကောင်းမွန်သောစနစ် Bio Septic Tank များ အစားထိုးသုံးစွဲနိုင်ရေးကို ဒေသခံများနှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် အင်းလေးဒေသရှိ ဟဲယာရွာမကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၅ ရွာတွင် စုပေါင်းရေပေးရေးလုပ်ငန်း၊ အင်းလေးဒေသတွင်းရှိ ငလျင်ဘေးသင့်ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ Bio Septic Tank များ ပြောင်းလဲသုံးစွဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထိုသို့သွားရောက်စဉ် ဟဲယာရွာမကျေးရွာ၌ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အင်းလေးကန် ရေရှည်ထိန်းသိမ်းရေးအတွက် Bio Septic Tank များ အစားထိုးသုံးစွဲခြင်းကဲ့သို့ ပိုမိုကောင်းမွန်သောစနစ်များကို အိမ်ထောင်စုတစ်စုချင်း၊ ကျေးရွာတစ်ခုချင်း ပြည်သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ ဌာနအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးမှာကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ညောင်ရွှေမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း(Smart Village) အကောင်အထည်ဖော် ဆောင်ရွက်မည့်ကျေးရွာများအတွက် စီမံကိန်းထောက်ပံ့ရန်ပုံငွေများအား ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ခရီးစဉ်အတွင်း အေးသာယာမြို့၊ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ၌ ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံအပ်ချုပ်စက်သင်တန်းမှ သင်တန်းသူများကိုလည်း သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**နောင်ချို ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ အသက် (၁၀) နှစ်အထက် ကျောင်းသား ကျောင်းသူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး**(အောက်ပုံ)** ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ကြသည်။

ထို့ပြင် အုမ္မခါးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(နောင်ချို)တွင် မက္ကဒေးမီးယားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ၊ မက္ကဒေးမီးယားကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်ပြခန်းနှင့် ခြံအတွင်း စိုက်ပျိုးထားသည့် တစ်သျှူးငှက်ပျော၊ ကုန်းမြင့်ကော်ဖီ၊ မက္ကဒေးမီးယားပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း လောက်ဖန်းကျေးရွာရှိ ငွေရည်ပုလဲဘိလပ်မြေစက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘိလပ်မြေတန် ၅၀၀၀ ကျ စက်ရုံသစ်တည်ဆောက်နေမှုကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**





## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူထားသည့် အမြန်သွားရေယာဉ်ကို တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်

**ပြည် ဩဂုတ် ၂**

ဧရာဝတီမြစ်အတွင်း တရားမဝင်ပစ္စည်းများသယ်ဆောင်မှု ဖမ်းဆီးရမိစေရေး၊သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူထားသည့် အမြန်သွားရေယာဉ် (Fiber Glass Boat) ကို ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံ ယမန်နေ့က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့ ဧရာဝတီမြစ်ကမ်း၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မျိုးထူးထံ အဆိုပါ ရေယာဉ်ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး**(အပေါ်ပုံ)** တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဧရာဝတီမြစ်အတွင်း အမြန်သွား ရေယာဉ်စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရေယာဉ်သည် ငွေကျပ်သိန်း ၁၈၀၀ကျော် တန်ဖိုးရှိပြီး အလျား၂၇ ပေ၊ အနံ ၉ ပေ၊ အမြင့် ၄ ပေ ၆ လက်မ၊ ရေစူး ၁ ပေနှင့် အင်ဂျင်အမျိုးအစားမှာ Suzuki DF-200A (2003F-244843)(Japan)ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မိုင်းဆတ် ဩဂုတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁ ရက်က အောင်ဇေယျာဘက်စုံအားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်က အမှာစကားပြောကြားပြီး Lion FC အသင်းနှင့် Mong Khoke FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Lion FC အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## မအူပင်၌ အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကျင်းပ

**မအူပင် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က အမှတ် (၂)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့အားကစားကွင်းကြီးအတွင်း ကျင်းပရာ ဗိုလ်လုပွဲစဉ်တွင် လေးအိမ်စုအသင်းက ရေလဲကလေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆု ဆုဖလားကို ရရှိခဲ့သည်။

ထို့နောက် ဆုရရှိသည့်အသင်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## မိုးကုတ်မြို့၌ မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိုးကုတ် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ (ဖလား)၊ ရပ်ကွက်/ကျေးရွာအုပ်စု မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက်က အောင်နန်းရပ် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးပါပါလွင်က အမှာစကားပြောကြားပြီး ရေဦးကြီးအသင်းနှင့် အောင်နီလာ(၂)အသင်းတို့ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ မိုးရာသီဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်



အသင်း ၂၀ ဖြင့် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မုံရွာမြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မုံရွာ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ထန်းတောရပ်ကွက်ရှိ အင်ကြင်းလမ်းနှင့် သီရိမင်္ဂလာလမ်းဘေးဝဲယာတွင် မုံရွာမြို့နယ် သစ်တောဦးစီးဌာနနှင့် ထန်းတောရပ်ကွက်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်း၊ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက တမာ၊ ကုက္ကို၊ ဗာဒံ၊ စိန်ပန်း ပျိုးပင် ၂၇၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## လူထုအခြေပြုဇဟိုဌာန(ဗဟန်း)၌ စာပေစကားဝိုင်းကျင်းပ

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဇဟိုဌာန(ဗဟန်း)တွင် အားကစားရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် Football For School Program စာပေစကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဇဟိုဌာန၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က လှိုင်သာယာ(အနောက်) မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးကျော်သူဟိန်းတို့က Football For School Program အရဘောလုံးသင်တန်းများကို အခြေခံပညာ ကျောင်း ၂၁ ကျောင်းတွင် ဖွင့်လှစ်ပေးနိုင်ခဲ့၍ ပြိုင်ပွဲများ ကျင်းပပေးနိုင်ခဲ့ကြောင်း ရှင်းလင်းဆွေးနွေးပြီး လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ၊ ကာယဆရာ ဦးဆန်းဝင်းတို့က ဘောလုံးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပိုမိုဆောင်ရွက်လာနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

**သင်းသင်းစိုး(ပြန်/ဆက်)**

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

## အပြုံးလေးတစ်ခုနဲ့ စတင်မယ့် ဆက်ဆံရေး - (၁)

**== မေ ==**



လူတစ်ယောက်နဲ့ ပထမဆုံး ဆုံတွေ့တဲ့အချိန်မှာ ကိုယ့်အကြောင်းတွေကို အများကြီး ရှင်းပြနေဖို့မလိုပါဘူး။ လှပတဲ့ အပြုံးလေးတစ်ပွင့်နဲ့ နွေးထွေးတဲ့ နှုတ်ဆက်စကားတစ်ခွန်းကပဲ ကိုယ့်ရဲ့ စိတ်နေသဘောထား၊ ယဉ်ကျေးမှုနဲ့ စာရိတ္တကို အတိုင်းသား ဖော်ပြပေးသွားမှာပါ။ စိတ်ရင်းပါတဲ့ အပြုံးတစ်ခုဟာ စာမျက်နှာမြောက်မြားစွာထက် ပိုမိုထိရောက်တဲ့ မိတ်ဆက်ခြင်းပဲ ဖြစ်ပါတယ်။

ထို့အတူပဲ "မင်္ဂလာပါ"၊ "နေကောင်းရဲ့လား" ဆိုတဲ့ စကားလုံးလေးတွေဟာ ရိုးရှင်းပေမယ့် ဆက်ဆံရေးတံခါးတွေကို ဖွင့်ပေးနိုင်တဲ့ အရာလေးတွေဖြစ်ပါတယ်။ အလုပ်ခွင်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ်၊ လမ်းမှာဆုံလို့ပဲဖြစ်ဖြစ် အရင်ဆုံးပြုံးပြပြီး နှုတ်ဆက်တတ်သူဟာ ဘယ်ပတ်ဝန်းကျင် ရောက်ရောက် အားလုံးက လှိုက်လှိုက်လှဲလှဲ လက်ခံချစ်ခင်ကြပါတယ်။ ကိုယ့်ဘက်က စတင်လိုက်တဲ့ အပြုံးက တစ်ဖက်လူရဲ့ မွန်းကျပ်နေတဲ့ဘဝ အမောလေး အနည်းငယ်ကိုဖြစ်ဖြစ် ဖြေဖျောက်စေနိုင်ပါတယ်။

တချို့လူတွေက ဘဝမှာ အောင်မြင်ဖို့ဆိုရင် စာပေပညာ၊ လုပ်ငန်းအရည်အချင်းနဲ့ ကြိုးစားအားထုတ်မှုတွေကပဲ အဓိကလို့ ထင်တတ်ကြပါတယ်။ အဲဒါတွေက မရှိမဖြစ်လိုအပ်တာမှန်ပေမယ့် လူတွေနဲ့ ပြေပြေပြစ်ပြစ် ပေါင်းသင်းဆက်ဆံတတ်တဲ့ "Social Skills" တွေမရှိရင်တော့ အောင်မြင်မှုလမ်းကြောင်းဟာ မလိုအပ်ဘဲ ခက်ခဲကြမ်းတမ်းနေဦးမှာပါ။ ကိုယ့်ကိုယ်ကိုယ် ယဉ်ကျေးစွာ ဖော်ပြတတ်ခြင်းကလည်း ကြီးမားတဲ့ အရည်အချင်းတစ်ခုပါပဲ။

အက်တီကက် (Etiquette) ဆိုတာ ခက်ခဲနက်နဲပြီး ချုပ်ချယ်ထားတဲ့ စည်းမျဉ်းကြီးတွေ မဟုတ်ပါဘူး။ ကိုယ့်ဘေးနားက လူကိုလေးစားတာ၊ သူတစ်ပါးရဲ့ ခံစားချက်ကို ငဲ့ညှာပေးတာနဲ့ ကိုယ်ချင်းစာစိတ် မွေးတာကနေ စတာပါ။ တစ်ခါတလေမှာ မထင်မှတ်ဘဲ ပေးလိုက်တဲ့ အပြုံးလေးတစ်ပွင့်နဲ့ စကားတစ်ခွန်းက ကိုယ့်အတွက် မျှော်လင့်မထားတဲ့ အခွင့်အလမ်းကောင်းတွေကိုတောင် ဖန်တီးပေးသွားနိုင်ပါတယ်။ ■

## မြောင်းမြမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မြောင်းမြ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဂုန်နီစက်ရုံဝင်း၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပျိုးပင်များပေးအပ်ခဲ့ပြီးနောက် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းနှင့် ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။

**ဇေယျာ(ပြန်/ဆက်)**

## ကျွန်းစုမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း

**ကျွန်းစု ဩဂုတ် ၂**

တနင်္သာရီတိုင်းဒေသကြီး ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်ကျွန်းရတနာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများနှင့် သင်တန်းဆင်း လက်မှတ်များကို မြို့နယ်ဥပဒေအရာရှိ ဒေါ်မေဖြိုးကျော်က ပေးအပ်ချီးမြှင့်သည်။



အဆိုပါသင်တန်းကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၂၇ ဦးအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

## မိတ္ထီလာမြို့နယ်၌ လုပ်ငန်းထူထောင်မည့်သူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**မိတ္ထီလာ ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်းနှင့် အခြေခံပညာ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းတို့မှ လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်က ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)တွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းဗိုလ်က အမှာစကား ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။ ယင်းနောက် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဒေါ်ဖြူဖြူမြင့်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ကျောင်းတွင်းနေ့လယ်စာ အာဟာရကျွေးမွေး

**ရန်ကုန် ဩဂုတ် ၂**

ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း နေ့လယ်စာ အာဟာရကျွေးမွေးခြင်းကို ဇူလိုင် ၃၁ ရက်က ဆောင်ရွက်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးလင်းထူးနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ကျောင်း ၃၅ ကျောင်းမှ KG ကလေးငယ် ၃၅၀၇ ဦးကို အာဟာရကျွေးမွေးခြင်းနှင့် ကလေးငယ်တိုင်း တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ရန် အချက်များအား အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော် လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကန်လှကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာက အမှာစကားပြောကြားသည်။



ထို့နောက် ပြည်သူ့စကားဝိုင်းကျင်းပရာ ဒေသခံပြည်သူများက သိလိုသည်များကို မေးမြန်းကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အများပြည်သူ အကျိုးပြုလုပ်ငန်းများနှင့် အခွန်ငွေများ၏ တိုက်ရိုက်ဆက်စပ်မှု

အင်ကြင်းစံ

**မိမိတို့အိမ်ရှေ့ကထွက်လိုက်သည်နှင့် နင်းလျှောက်ရသည့် လမ်းမကြီး၊ လမ်းဘေးဝဲယာတွင် ရှိနေသည့် ဓာတ်မီးတိုင်များ၊ ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် ထိန်းကျောင်းပေးနေသည့် မီးပွိုင့်များ၊ မိမိတို့သားသမီးတွေတက်ရောက်နေသည့် စာသင်ကျောင်းကြီးများ စသည်တို့သည် ကျွန်ုပ်တို့နေ့စဉ် ဖြတ်သန်းနေရသည့် သာမန်လူမှုဘဝမြင်ကွင်းများပင် ဖြစ်ပါသည်။**

ဤနေရာတွင် မေးခွန်းတစ်ခုမေးလိုပါသည်။ ထိုကဲ့သို့ လူတိုင်းနေ့စဉ်အသုံးပြုနေသည့် အခြေခံအဆောက်အအုံများနှင့် ကျွန်ုပ်တို့ ဘေးကင်းလုံခြုံစေရန် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များသည် မည်သူ့ထံက ရရှိသည့်ရန်ပုံငွေများဖြင့် လည်ပတ်ဆောင်ရွက်နေပါသနည်း။ အဆိုပါမေးခွန်းအတွက်အဖြေမှာ အလွန်ရိုးရှင်းလှပါသည်။ ပြည်သူများက နေ့စဉ်ဝယ်ယူလိုက်သည့် ပစ္စည်းတစ်ခုချင်းစီ၊ သုံးစွဲလိုက်သည့် ဝန်ဆောင်မှု တစ်ခုချင်းစီနှင့် မိမိတို့၏လုပ်အားခ စသည့် ခေါင်းစဉ်အသီးသီးဖြင့် နိုင်ငံတော်ထံ ထည့်ဝင်ခဲ့သော အခွန်ငွေများဖြင့် လည်ပတ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

> ❑ **အခွန်ငွေဆိုသည်မှာ ဖြုန်းတီးပစ်လိုက်သည့် အရာမဟုတ်ဘဲ ပိုမိုသာယာလှပသော လူ့အဖွဲ့အစည်းနှင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်မည့် လူမှုဘဝအတွက် ကျွန်ုပ်တို့ကိုယ်တိုင်စိုက်ပျိုးလိုက်သည့် အနာဂတ်မျိုးစေ့များဖြစ်**
>
> ❑ **မိမိပေးဆောင်လိုက်သည့် အခွန်တစ်ကျပ်သည် မြစ်ကူးတံတားကြီးတစ်စင်း ဖြစ်လာမည်၊ စာသင်ခန်းထဲက စာအုပ်တစ်အုပ်ဖြစ်လာမည်၊ ဆေးရုံပေါ်က ခုတင်နှင့် ဆေးဝါးတို့အဖြစ် ပြောင်းလဲပေးနိုင်မည်ဟူသောအသိဖြင့် ဂုဏ်ယူဝင့်ကြွားစွာ အခွန်ဆောင်ကြပါစို့**

တစ်နည်းအားဖြင့် အခွန်ငွေဆိုသည်မှာ ပြည်သူ့အိတ်ကပ်ထဲမှ ထွက်သွားပြီး ပြန်မလာတော့သည့် အရာမဟုတ်ဘဲ အများပြည်သူအကျိုးပြုလုပ်ငန်းများအဖြစ် ပုံသဏ္ဌာန်ပြောင်းလဲပြီး အခွန်ထမ်းပြည်သူများထံ ပြန်လည်ရောက်ရှိလာသည့် အရာသာဖြစ်ပါသည်။ ဤဆောင်းပါးတွင် ကျွန်ုပ်တို့ပေးဆောင်လိုက်သည့် အခွန်တစ်ကျပ်စီတိုင်းသည် ကျွန်ုပ်တို့ထံ ပြန်လည်ရောက်ရှိ အကျိုးပြုပုံကို လေ့လာတင်ပြမည်ဖြစ်ပါသည်။

**အခွန်၏ သဘောသဘာဝ**

အခွန်၏ သဘောသဘာဝကို အများမြင်သာစေရန်ပုံဖော်ကြည့်ပါက တစ်ယောက်တစ်လက်စုပေါင်းအားဖြင့် တည်ဆောက်ရသည့် အိမ်ကြီးတစ်လုံး သို့မဟုတ် လူထုအာမခံစနစ်တစ်ခုနှင့် တူလှပါသည်။ (ဥပမာ - ဒေသချင်းကူးလူးသွားလာရ လွယ်ကူစေမည့် မြစ်ကူးတံတားတစ်စင်း ပေါ်ပေါက်လာရေးအတွက် လူတစ်ဦးတစ်ယောက်ပိုင် ငွေကြေးဓနအင်အားဖြင့် ကိုယ်တိုင်ဆောက်လုပ်ရန်မဖြစ်နိုင်ပါ။ သို့ရာတွင် ပြည်သူလူထုအားလုံးက မိမိတို့ပေးဆောင်ရမည့် အခွန်ငွေအနည်းငယ်စီကို ပြည်သူ့ဘဏ္ဍာဟူသည့် စုဘူးကြီးထဲသို့ စုပေါင်းထည့်ဝင်လိုက်ကြသောအခါ ပြည်သူအားလုံးအတူတူ အသုံးပြုနိုင်သည့် မြစ်ကူးတံတားကြီးမှာ ချက်ချင်းပေါ်ပေါက်လာရုံတင်မက ရေရှည်အတွက်ပါ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိလာပါသည်။)

ဆိုလိုသည်မှာ လူတစ်ယောက်ချင်းစီ၏ အိတ်ကပ်ထဲတွင် ရှိနေသောငွေကြေးပမာဏသည် စွမ်းဆောင်ရည်နည်းပါးသော်လည်း ထိုငွေကြေးပမာဏများမှာ အခွန်အဖြစ်ပေါင်းစည်းသွားချိန်တွင် အများပြည်သူအကျိုးပြု ရောမစွမ်းအင်ကြီးတစ်ခုအဖြစ် ပြောင်းလဲသွားခြင်းပင် ဖြစ်ပါသည်။

**ငါတို့ပေးလိုက်တဲ့ အခွန်ငွေတွေ ဘယ်မှာသုံးလိုက်တာလဲ**

ငါတို့ပေးလိုက်တဲ့ အခွန်ငွေတွေ ဘယ်မှာသုံးလိုက်တာလဲ ဟူသည့်မေးခွန်းသည် အခွန်ထမ်းပြည်သူတိုင်းသိလိုကြသည့် မေးခွန်းတစ်ခု ဖြစ်ပါလိမ့်မည်။ အဖြေမှန်ကိုသိရန်အတွက် အခွန်ငွေဟူသည့်စကားရပ်၏ ဆိုလိုရင်းကို ရှင်းလင်းစွာနားလည်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ အခွန်ငွေဆိုသည်မှာ အစိုးရ၏ အသုံးစရိတ်သက်သက်မဟုတ်ဘဲ ပြည်သူတို့၏ နေ့စဉ်ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တိုက်ရိုက်ပြန်လည်ရင်းနှီးမြှုပ်နှံရသည့် ဘဏ္ဍာငွေ ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားကဏ္ဍများသည် အခွန်ငွေနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို အဓိကကဏ္ဍကြီး သုံးခုဖြစ်သော ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများဖြင့် သက်သေပြမည်ဖြစ်ပါသည်။

**ပညာရေးကဏ္ဍနှင့် အနာဂတ်မျိုးဆက်သစ်တို့အတွက် ရင်းနှီးမြှုပ်နှံမှု**

ကလေးငယ်တစ်ယောက် လုံခြုံသည့် စာသင်ခန်းထဲတွင် အေးအေးချမ်းချမ်း ပညာသင်ကြားခွင့်ရရှိရန်၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပြည့်ပြည့်စုံစုံရရှိရန်နှင့် ဆရာ ဆရာမများ လစာ၊ မီတာခ အစရှိသည့်ကျောင်းအတွက် ကုန်ကျစရိတ်များကို ကောက်ခံရရှိသည့်အခွန်ငွေများဖြင့် ထောက်ပံ့ပေးထားခြင်းဖြစ်ပါသည်။ အခြေခံလူတန်းစားမိသားစုမှ မွေးဖွားလာသည့် သားငယ်၊ သမီးငယ်များအနေဖြင့် အခြေခံပညာအစိုးရ စာသင်ကျောင်းများရှိနေခြင်းကြောင့် အလွယ်တကူ ပညာသင်ယူနိုင်မည်ဖြစ်ပါသည်။ ဤဖြစ်စဉ်သည် အခွန်ထမ်းပြည်သူတွေက တိုင်းပြည်၏အနာဂတ်မျိုးဆက်သစ်များအတွက် အသိပညာမျိုးစေ့ချပေးလိုက်သည့် တိုက်ရိုက်ရလဒ်ပင် ဖြစ်ပါသည်။

**ကျန်းမာရေးကဏ္ဍနှင့် လူတိုင်းလက်လှမ်းမီသော ဆေးကုသမှုစနစ်**

နိုင်ငံသားတစ်ဦးချင်းစီအတွက် ပြည်သူ့ကျန်းမာရေးကဏ္ဍသည် အလွန်အရေးကြီးလှပါသည်။ အစိုးရဆေးရုံ၊ ဆေးခန်းများတွင် သက်သာသည့်နှုန်းထားများဖြင့် ဆေးကုသခွင့်ရခြင်း၊ ကာကွယ်ဆေးများ အခမဲ့ထိုးနှံခွင့်ရခြင်း၊ ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများအား ဖြည့်တင်းနိုင်ခြင်း စသည်တို့သည် အခွန်ဘဏ္ဍာငွေဖြင့် အသုံးပြုနိုင်ခြင်းဖြစ်ပါသည်။ ဆင်းရဲ၊ ချမ်းသာ လူတန်းစားမရွေး အသက်အန္တရာယ်ကြုံလာရချိန်တွင် ပြည်သူ့ဆေးရုံများထံ အားကိုးတကြီး သွားရောက်နိုင်ခြင်းသည် အခွန်ထမ်းပြည်သူတို့ပေးဆောင်ခဲ့သည့် အခွန်ငွေက ပေးစွမ်းသော ဘဝလုံခြုံရေးအာမခံချက်ပင် ဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စီးပွားရေးမောင်းနှင်အား**

ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် ဒေသအချင်းချင်းချိတ်ဆက်သွားလာနိုင်ရန်တို့အတွက် လမ်းတံတားများ ကောင်းမွန်နေစေရေးသည် အလွန်အရေးကြီးလှပါသည်။ ကျွန်ုပ်တို့ နေ့စဉ်အသုံးပြုနေသည့်လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ငွေကုန်ကြေးကျနည်းနည်းဖြင့် သက်သောင့်သက်သာခရီးသွားလာနိုင်သည့် DEMU ရထားများနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းစဉ်များသည် ထင်သာမြင်သာအရှိဆုံး ပြည်သူ့အခွန်ငွေဖြင့် ဆောင်ရွက်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက ကုန်ကျစရိတ်သက်သာပြီး ကုန်သည်၊ ပွဲစားကအစ အခြေခံအလုပ်သမားအဆုံး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ချောမွေ့စွာ လည်ပတ်နိုင်စေမည် ဖြစ်ပါသည်။

ထို့ကြောင့် အခွန်ငွေနှင့် အများပြည်သူအကျိုးပြုလုပ်ငန်းများသည် ခွဲခြား၍မရပါ။ ပြည်သူက ပေးဆောင်သော အခွန်ငွေပမာဏ မှန်ကန်ပြည့်ဝလေလေ၊ အပြန်အလှန်အားဖြင့် ပြည်သူတို့ ရရှိခံစားရမည့် လမ်းမများ၊ ဆေးရုံများနှင့် စာသင်ကျောင်းများ၏ အရည်အသွေးသည်လည်း ပိုမိုမြင့်မားကောင်းမွန်လာလေလေ ဖြစ်ပါသည်။ အခွန်ငွေသည် အုပ်ချုပ်သူများအတွက်မဟုတ်ဘဲ အများပြည်သူ၏ လူမှုဘဝယန္တရားကြီးတစ်ခုလုံး ပုံမှန်လည်ပတ်နိုင်စေရေးအတွက် တိုက်ရိုက်အကျိုးပြုနေခြင်းဖြစ်ပါသည်။

**အခွန်ဆိုတာ ပေးဆပ်ခြင်းမဟုတ်၊ တာဝန်သိစိတ်ဖြင့် ရင်းနှီးမြှုပ်နှံခြင်း**

ယခုခေတ်တွင် ကျွန်ုပ်တို့အားလုံး အသိတစ်ခု၊ အမြင်တစ်ခုကို အတူတူပြောင်းလဲကြည့်ကြရန် လိုအပ်လာပြီဖြစ်ပါသည်။ အခွန်ပေးဆောင်ခြင်းကို မိမိအိတ်ကပ်ထဲကငွေကြေးများ လျော့နည်းသွားသည့် ဆုံးရှုံးမှု သို့မဟုတ် ဥပဒေအရ မဖြစ်မနေဆောင်ရွက်ရမည့် ဝန်ထုပ်ဝန်ပိုးတစ်ခုဟု ရှုမြင်နေသရွေ့ အခွန်ဟူသည့်စကားလုံးသည် ကျွန်ုပ်တို့အတွက် အမြဲတမ်း အကျွမ်းတဝင်မရှိသော စကားလုံး ဖြစ်နေဦးမည် ဖြစ်ပါသည်။ ဖြစ်စဉ်အမှန်မှာ အခွန်ဆောင်ခြင်းဆိုသည်မှာ တိုင်းပြည်၏ ရှေ့ရေး၊ ကျွန်ုပ်တို့၏ လူမှုပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်များအတွက် အကောင်းဆုံးအာမခံချက်တစ်ခုကို တာဝန်သိသိဖြင့် ရင်းနှီးမြှုပ်နှံလိုက်ခြင်းသာ ဖြစ်ပါသည်။

အခွန်မှန်မှန်ဆောင်ခြင်းသည် နိုင်ငံသားတစ်ယောက်၏ တာဝန်ကျေပွန်ရုံတင်မျှမက တစ်ဖက်တစ်လမ်းမှ အခြေခံလူတန်းစားတို့၏ ဘဝကို ဖေးမကူညီစောင့်ရှောက်ပေးရာလည်းရောက်ပါသည်။ ထို့ကြောင့် အခွန်ထမ်းဆောင်ခြင်းသည် ဂုဏ်ယူစရာ နိုင်ငံသားအခွင့်အရေးတစ်ခုဖြစ်ကြောင်း လေးလေးနက်နက် သဘောပေါက်နားလည်ကြရမည် ဖြစ်ပါသည်။

**လူမှုပတ်ဝန်းကျင်သစ်ကြီးကို လက်တွဲထုဆစ် ပုံဖော်သွားကြပါစို့**

အချုပ်အားဖြင့်ဆိုရသော် အခွန်ငွေဆိုသည်မှာ ဖြုန်းတီးပစ်လိုက်သည့် အရာမဟုတ်ဘဲ ပိုမိုသာယာလှပသော လူ့အဖွဲ့အစည်းနှင့် စိတ်အေးချမ်းသာစွာနေထိုင်နိုင်မည့် လူမှုဘဝအတွက် ကျွန်ုပ်တို့ကိုယ်တိုင်စိုက်ပျိုးလိုက်သည့် အနာဂတ်မျိုးစေ့များ ဖြစ်ကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ပြောင်းလဲမှုသည် တာဝန်သိစိတ်အပြည့်ဖြင့် ဝတ္တရားကျေပွန်ကြသော အခွန်ထမ်းပြည်သူတစ်ဦးချင်းစီ၏ လက်ထဲ၌သာရှိနေပါသည်။

မိမိပေးဆောင်လိုက်သည့် အခွန်တစ်ကျပ်သည် မြစ်ကူးတံတားကြီးတစ်စင်း ဖြစ်လာမည်၊ စာသင်ခန်းထဲက စာအုပ်တစ်အုပ် ဖြစ်လာမည်၊ ဆေးရုံပေါ်က ခုတင်နှင့် ဆေးဝါးတို့အဖြစ် ပြောင်းလဲပေးနိုင်မည်ဟူသောအသိဖြင့် ဂုဏ်ယူဝင့်ကြွားစွာ အခွန်ဆောင်ကြပါစို့။ အခွန်ထမ်းပြည်သူအားလုံးသည် တိုင်းပြည်၏ အဓိကအကျိုးခံစားခွင့်ရှိသူများဖြစ်ကြသည့်အားလျော်စွာ၊ တာဝန်သိစိတ်အပြည့်ဖြင့် သာယာဝပြောသော လူမှုပတ်ဝန်းကျင်သစ်ကြီးကို လက်တွဲထုဆစ် ပုံဖော်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် ဩဂုတ် ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့ဦးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းကို ဇူလိုင် ၃၁ ရက်က မြို့နယ်သမဝါယမဦးစီးဌာန



အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့ဦးရောင်းဝယ်ရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးအေးသောင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကား ပြောကြားသည်။

မြင့်မြင့်ရီ




ပန်းတနော်မြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဉာဏ်လင်းနှင့် တာဝန်ရှိသူများက မြေငှားဂရန် စာချုပ်များကို ပြည်သူများအား လွှဲပြောင်းပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# အရည်အချင်းပြည့်ဝသည့် ဒိုင်လူကြီးမျိုးဆက်သစ်များ မွေးထုတ်နိုင်ရန် လူငယ်မျိုးဆက်သစ် ဒိုင်ဝါသနာပါသူများကို လေ့ကျင့်သင်ကြားပေး

**မြစ်ကြီးနား ဩဂုတ် ၂**

ကချင်ပြည်နယ်၏ ဘောလုံးအားကစားနည်း အဆင့်အတန်း မြင့်မားလာစေရန်၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ အရည်အချင်းပြည့်ဝသည့် ဒိုင်လူကြီးမျိုးဆက်သစ်များ မွေးထုတ်နိုင်ရန်ရည်ရွယ်၍ ကချင်ပြည်နယ်အတွင်းရှိ လူငယ်မျိုးဆက်သစ် ဒိုင်ဝါသနာပါသူ သင်တန်းသား ၄၃ ဦးတို့ကို ငါးရက်ကြာ သင်တန်းဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယနေ့ သင်တန်းဆင်းပြီဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးသင်တန်းဆင်းပွဲမှ သိရသည်။

အဆိုပါသင်တန်းကို ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဒိုင်ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကားပြောကြားကာ သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များနှင့် ဒိုင်သင်တန်းနည်းပြများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ **(ယာပုံ)**

**ပြည်နယ်(ပြန်/ဆက်)**



# ပဲခူးမြို့၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**ပဲခူး ဩဂုတ် ၂**

ပဲခူးမြို့နယ်အတွင်းရှိရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း(၁/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကိုဇူလိုင်၂၈ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ကျော်လင်းက ယခုကဲ့သို့သင်တန်း ဖွင့်လှစ်ပေးသည့်အတွက် ရပ်ကွက်၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားတိုးတက်လာမည်ဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အစဉ်စောင့်ထိန်း၍ အများပြည်သူ အကျိုးအတွက် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပဲခူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အုပ်ချုပ်ရေးမှူး သင်တန်းသားများအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



အဆိုပါ သင်တန်းသို့ ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သင်တန်းသား ၁၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

❍ *ကျောဖုံးမှ*

ချင်းလန်းအသင်းသည် ခံစစ်ပိုင်းစုစည်းမှုအားနည်းခဲ့ပြီး ဟံသာဝတီ၏တိုက်စစ်ကို မထိန်းချုပ်နိုင်ဘဲ ပွဲချိန် ၇၅ မိနစ်တွင် Lun Yar Gin က ပယ်နယ်တီမှတစ်ဆင့် ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သော်လည်း ဟံသာဝတီ၏ ဂိုးပြတ်ဦးဆောင်မှုကို မကျော်ဖြတ်နိုင်ဘဲ ရှုံးနိမ့်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ဟံသာဝတီအသင်းမှ ဟက်ထရစ် သွင်းယူခဲ့သည့် အောင်ဇော်ဦးက အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။

ဩဂုတ် ၃ ရက် **(ယနေ့)**တွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–MNL**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ကျောက်ဆည်မြို့နယ်၌ မုန့်ပေါင်း-သပြေကုန်း-တောတွင် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်း

**ကျောက်ဆည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးလမ်းမှ မုန့်ပေါင်း-သပြေကုန်း-တောတွင် ကျေးရွာချင်းဆက်လမ်း (၀/၃)မိုင်၊ ၀ ဒသမ ၆ ကီလိုမီတာ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ယမန်နေ့က ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ခင်မျိုးမျိုးလတ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ ကျောက်ဆည်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က ကျောက်ချောလမ်းခင်းရာ၌ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေးနှင့် သတ်မှတ်ကာလ အတွင်းပြီးစီးရေး မှာကြားခဲ့ပြီး အဆိုပါလမ်းပြီးစီးခဲ့ပါက ကျေးရွာလေးရွာမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေလွယ်ကူချောမွေ့စွာ သွားနိုင်မည်ဖြစ်ပြီး လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သက်မောင်(ကျောက်ဆည်)**



✪ *ကျောဖုံးမှ*

Yangon Galacticos (YG) အသင်းက ဒုတိယဆု ရရှိခဲ့သည်။

မြန်မာကိုယ်စားပြု Yangon Galacticos (YG) အသင်းသည် ဩဂုတ် ၁ ရက်က Grand Final ပွဲစဉ်အဖြစ် Team Spirit နှင့် Best of Seven စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ၄-၃ ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။

ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် Team Spirit အသင်းက ဆုကြေး အမေရိကန်ဒေါ်လာ တစ်သန်းနှင့် ဒုတိယရရှိခဲ့သည့် Yangon Galacticos (YG) အသင်းက ဒေါ်လာငါးသိန်း ရရှိမည်ဖြစ်သည်။

ယခုပွဲစဉ်သည် MLBB World Championship 2020 ဗိုလ်လုပွဲတွင် မြန်မာကလပ် Burmese Ghouls အသင်းက ဖိလစ်ပိုင်ကလပ် Bren Esports ကို ရှုံးနိမ့်ကာ ဒုတိယရရှိခဲ့ပြီးနောက်ပိုင်း ငါးနှစ် ကျော်အကြာတွင် Yangon Galacticos (YG) အသင်းက ကမ္ဘာ့အဆင့်ပြိုင်ပွဲ၏ Grand Final သို့ ဒုတိယအကြိမ်မြောက် ပြန်လည်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အစွမ်းကုန်ကြိုးစားခဲ့သော်လည်း ပရိသတ်များ မျှော်လင့်ထားသည့် ချန်ပီယံဆုကို မယူဆောင်ပေးနိုင်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်းနှင့် ခရီးစဉ်တစ်လျှောက်လုံး အားပေးဝန်းရံခဲ့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း Yangon Galacticos အသင်းက ၎င်းတို့၏ လူမှုကွန်ရက်တွင် ဖော်ပြခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ–MESF**

# မိုးတိမ်တောင်များ ရွေ့လျားရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❒ *ကျောဖုံးမှ*

ပဲခူးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၂၆၀ မှုရှိခဲ့၍ ထိခိုက်ဒဏ်ရာရရှိသူ ၃၉၃ ဦးနှင့် သေဆုံးသူ ၁၂၂ ဦးရှိခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအရ အများဆုံးရှိခဲ့သည်။

၂၀၂၅ ခုနှစ် ပထမခြောက်လတာကာလအတွင်း ယာဉ်မတော်တဆမှု ၁၆၉၂ မှု ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၂၄၇၈ ဦးနှင့် သေဆုံးသူ ၈၉၂ ဦး ရှိခဲ့ကြောင်း သိရကာ ယခုနှစ် ပထမခြောက်လအတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှု အရေအတွက်မှာ ၂၀၂၅ ခုနှစ် အလားတူကာလက ဖြစ်ပွားခဲ့သည့် ၁၆၉၂ မှုထက် အနည်းငယ် လျော့နည်းခဲ့သော်လည်း သေဆုံးသူ အရေအတွက်မှာ ၄ ဒသမ ၅ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ပြီး ဒဏ်ရာရရှိသူအရေအတွက်မှာ ၄ ဒသမ ၃ ရာခိုင်နှုန်းခန့် လျော့ကျခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန်နှင့် ဘေးကင်းလုံခြုံရေးကို အထူးဂရုပြုကြရန် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက တိုက်တွန်းထားသည်။

**MT**



ဇူလိုင် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ် (၅၀/ ၅)နှင့် (၅၀/၆)ကြား စစ်တပင်ကျေးရွာအနီးတွင် ပုသိမ်မြို့မှ လပွတ္တာဘက်သို့ မောင်းနှင်လာသော ISUSU (အဖြူရောင်) ယာဉ်တစ်စီး ရှေ့ဘယ်ဘက်ဘီးပေါက်ပြီး လမ်းဘေးရှိသစ်ပင်အား ဝင်တိုက်မှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

# စာရေးဆရာနဲ့ စာဖတ်ဝိုင်း

မြင့်မောင်စိုး

**ဟိုးတစ်လောက ကျောက်တံတားမြို့နယ် ပြန်/ဆက် ဦးစီးရုံးမှာလုပ်တဲ့ စာဖတ်ဝိုင်းတစ်ခုကို တက်ရောက်ခဲ့ပါတယ်။ အဓိက ကတော့ စာဖတ်ဝိုင်းဆိုတာ ဘာလဲ၊ စာဖတ်ဝိုင်းရဲ့ သဘောသဘာဝ၊ အခြေအနေ စတာတွေကို တစ်ခုခုကို ရေးသားတင်ပြချင်လို့ပါ။**

ဒီစာဖတ်ဝိုင်းကို တက်ရောက်လာသူ အများစုကတော့ စာရေးဆရာတွေပါ။ ဒါပေမယ့် လူသိများအောင်မြင်နေတဲ့ စာရေးဆရာတွေတော့ မဟုတ်သေးပါဘူး။ တချို့ ကလောင်နု၊ တချို့ ကလောင်ရင့်၊ တချို့ ကလောင် မနုမရင့် စုံပါတယ်။ အများစုက ဝန်ထမ်းအငြိမ်းစား၊ ကျောင်းဆရာ ဆရာမ အငြိမ်းစားတွေပါ။ အငြိမ်းစားတွေဆိုတဲ့အတိုင်း သက်ဆိုင်ရာဌာနအလိုက် ရေးစရာအကြောင်းအရာတွေက ရှိနေကြတာပါ။

ဝန်ထမ်းလုပ်နေတုန်းကတော့ တာဝန်တွေက မအားမလပ်တာက တစ်ကြောင်း၊ ရေးဖို့ရာအကြောင်းအရာတွေ စုစည်းရတာက တစ်ကြောင်းစတဲ့ အကြောင်းကြောင်းကြောင့် စာပေရေးသားမှုကို ဝါသနာအခံ ရှိပင်ရှိငြားသော်လည်း စာမရေးဖြစ်ကြတာ ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အငြိမ်းစားယူပြီးတဲ့နောက်မှာတော့ ကိုယ့်ဝါသနာအခံ ရှိပြီးသူတွေအဖို့ စာရေးကြပါတယ်။

အခုစာဖတ်ဝိုင်းမှာတော့ စာရေးဆရာတစ်ဦးက သူရေးသားထားတဲ့ဆောင်းပါးတစ်ပုဒ်ကို ဖတ်ပြတာပါ။ ဆောင်းပါးခေါင်းစဉ်က “မိခင်မေတ္တာ စမ်းရေပမာ”တဲ့။ ဒီဆောင်းပါးက မိခင်မေတ္တာကြီးမားပုံကို ရေးသားထားတယ်ဆိုတာ ရှင်းပါတယ်။ ဆောင်းပါးဖတ်အပြီးမှာတော့ တက်ရောက်လာတဲ့ စာရေးဆရာအချို့က ကောင်းတာတွေချီးကျူးတာရှိသလို တချို့ကြပြန်တော့လည်း အားမနာတမ်း ဝေဖန်ပြောဆိုတာလည်း ရှိပါတယ်။ ဘယ်နေရာလေးမှာတော့ ဘာလေးလိုနေတာ၊ စကားပြေနဲ့စကားပြောရောနေတာ၊ ရသမြောက်အောင်တော့ရေးသင့်တယ်။ သတ်ပုံသတ်ညွှန်းကိုတော့ ဂရုစိုက်သင့်တာပေ့ါ စသဖြင့် အပြုသဘောနဲ့ ပြောဆိုကြတာလည်း ရှိပါတယ်။

စာဖတ်ဝိုင်းကို တက်ရောက်လာတဲ့ အသက် ၈၈ နှစ် ရှိနေပြီဖြစ်သော ကလောင်ရင့် စာရေးဆရာကျော်ဇင်ဝင်း(မရမ်းကုန်း)ကတော့“ဒီဆောင်းပါးက မိခင်မေတ္တာဆိုတော့ ရသဆောင်းပါးပါ။ ရသ ကိုးပါးရှိပါတယ်။ ရယ်စရာ ဟာသဆိုရင် စိတ်ထဲမှာပြုံးလာအောင် ရေးရမယ်၊ ငိုရမယ့် နေရာမှာဆိုလည်း မျက်ရည်ကျလောက်အောင်ရေးဖို့ လိုပါတယ်။ ရသဟာ နှစ်သက်ခြင်းမှာ လမ်းဆုံးပါတယ်။ အဲဒီနှစ်သက်တဲ့စိတ်ဟာ အဲဒီရသကို ခံစားသူရဲ့စိတ်ကို စာပေက ဆုံးမလိုက်တာပါ။ ရသစာပေက နှလုံးသားကို ရင့်ကျက်စေတယ်၊ နူးညံ့စေတယ်။ အဲဒါကြောင့် ဘာရေးရေး ရသမြောက်အောင်ရေးဖို့ အသိပေးလိုပါတယ်”လို့ ဆိုပါတယ်။ စာတစ်ပုဒ်မှာ ရသအရေးကြီးပုံကို ဆရာကျော်ဇင်ဝင်း (မရမ်းကုန်း) က ထောက်ပြသွားတာ ဖြစ်ပါတယ်။

> ❝ “စာရေးဆရာဆိုတာကတော့ ကိုယ့်ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့အကြောင်းအရာကို ကိုယ့်တစ်ယောက်တည်း စိတ်ထဲမှာ ခံစားတာမဟုတ်ဘဲနဲ့ တခြားလူကို သိစေချင်လို့ သူရေးတတ်တဲ့ အရေးအဖွဲ့မျိုးနဲ့ ရေးပါတယ်။ ရေးတဲ့အခါမှာလည်း အဓိကအားဖြင့်တော့ စာကောင်းဖြစ်ဖို့ဆိုရင် စိတ်ကောင်းမွေးမြူရမယ်ဆိုတဲ့အချက်ကို လက်ကိုင်ထားပါတယ်။ ကိုယ်ရေးလိုက်တဲ့စာက ဖတ်တဲ့လူကို ဘယ်လိုအကျိုးကျေးဇူးတွေရမလဲ။ အဆိပ်အတောက်ကင်းကင်းနဲ့ ပေးချင်တဲ့အကြောင်းအရာကို နှလုံးသားထဲရောက်အောင်ပို့နိုင်တယ်၊ ရေးနိုင်တယ်ဆိုရင် စာရေးဆရာကောင်းတစ်ယောက်ပါပဲ”လို့ ဆိုပါတယ် ❞

ဒီနေရာမှာ ရသစာပေနဲ့ပတ်သက်လို့ ဆရာဇေယျရဲ့ အမြင်ကိုလည်း တင်ပြလိုပါတယ်။ ဆရာကြီးက “ဆား” ဟာ ဟင်းလျာရဲ့အချုပ်ဖြစ်သလို ရသ ဆိုတာလည်း အနုပညာရဲ့ အချုပ်ဖြစ်ပါသတဲ့။ ဒါ့ကြောင့် အနုပညာရှင်တို့အနေနဲ့ အနုပညာတစ်ခုခုကို ဖန်တီးတော့မယ်ဆိုရင် ရသပါအောင် ထည့်သွင်းဖို့လိုကြောင်း၊ အနုပညာဖြစ်တဲ့ စာပေ၊ ပန်းချီ၊ ပန်းပုတို့အားလုံးမှာ ရသမြောက်ဖို့လိုကြောင်း၊ အနုပညာကို ခံစားကြည့်ရှုသူ အဖို့မှာလည်း အနုပညာကိုခံစားတတ်ကြမှလည်း အနုပညာဟာ အထက်တန်းသို့ ရောက်နိုင်ကြောင်း ထောက်ပြခဲ့ဖူးပါတယ်။

စာဖတ်ဝိုင်းမှာ စာရေးဆရာမ တင်တင်အေး (လှူမှု)ကလည်း စာရေးဆရာတစ်ဦးရဲ့ ခံယူချက် သဘောသဘာဝကို ပြောပြပါတယ်။ “စာရေးဆရာဆိုတာကတော့ ကိုယ့်ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့ အကြောင်းအရာကို ကိုယ့်တစ်ယောက်တည်း စိတ်ထဲမှာ ခံစားတာမဟုတ်ဘဲနဲ့ တခြားလူကို သိစေချင်လို့ သူရေးတတ်တဲ့ အရေးအဖွဲ့မျိုးနဲ့ ရေးပါတယ်။ ရေးတဲ့အခါမှာလည်း အဓိကအားဖြင့်တော့ စာကောင်းဖြစ်ဖို့ဆိုရင် စိတ်ကောင်းမွေးမြူရမယ်ဆိုတဲ့ အချက်ကို လက်ကိုင်ထားပါတယ်။ ကိုယ်ရေးလိုက်တဲ့စာက ဖတ်တဲ့လူကို ဘယ်လိုအကျိုးကျေးဇူးတွေရမလဲ။ အဆိပ်အတောက်ကင်းကင်းနဲ့ပေးချင်တဲ့အကြောင်းအရာကို နှလုံးသားထဲရောက်အောင်ပို့နိုင်တယ်၊ ရေးနိုင်တယ်ဆိုရင် စာရေးဆရာကောင်းတစ်ယောက်ပါပဲ”လို့ ဆိုပါတယ်။

ဆရာမကြီး တင်တင်အေး (လှူမှု)က စာပေပလက်ဖောင်းနဲ့ပတ်သက်လို့ ဆက်လက်ရှင်းပြပါသေးတယ်။ စာပေပလက်ဖောင်းဆိုတာ စာရေးဆရာ ရေးသားထားတဲ့စာကို ဖော်ပြပေးတဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာစောင်တွေကို ဆိုလိုကြောင်း၊ ယခုခေတ် ပုံနှိပ်ဖော်ပြတဲ့ ပုံနှိပ်စာပေမှ အွန်လိုင်းစာပေခေတ်သို့ ပြောင်းလဲလာကြောင်း၊ အွန်လိုင်းတွင် စာပေပြိုင်ပွဲများလည်းရှိကြောင်း စသဖြင့် ရှင်းပြပါတယ်။ မှန်ပါတယ်။ အွန်လိုင်းမှာ စာပေကို အရေးအသားပုံစံမျိုးနဲ့သာမက ဟောပြောမှုတွေကလည်း စာပေတွေပါပဲ။ ဖေ့စ်ဘွတ်၊ ယူကျူ၊ တစ်တော့တွေမှာ စာပေပုံစံမျိုးနဲ့ တစ်ဖုံ၊ အဟောအပြောတွေနဲ့တစ်နည်း ဖော်ပြနေတာဟာ စာပေပလက်ဖောင်းရဲ့ နယ်ပယ်က အတော်လေး ကျယ်ပြန့်လာနေတာကို တွေ့နိုင်ပါတယ်။

စာရေးဆရာမ ညွန့်ညွန့် (ကလော)ကလည်း စာရေးရာမှာ စု၊ တု၊ ပြု အရေးကြီးကြောင်း ပြောပြပါတယ်။ “စာရေးဆရာ ဆိုတာကတော့ လူတွေကို သိစေချင်တဲ့အကြောင်းအရာ၊ ကိုယ်ကိုယ်တိုင်ခံစားတွေ့ရှိတဲ့ ကောင်းကျိုး ဆိုးကျိုးတွေကို အများသိရှိအောင်၊ ပညာရအောင် တစ်ထောင့်တစ်နေရာကနေ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ စတဲ့ စာပေအမျိုးအစားတွေအလိုက် ရေးသားကြပါတယ်။ ရေးသားတဲ့အခါ ကိုယ်ပိုင်အသိပညာနဲ့ ရေးပါ။ လိုအပ်တဲ့အကိုးအကားတွေကိုတော့ စာအုပ်တွေထဲက ဖတ်၊ မှတ် ရှာဖွေဆည်းပူးပြီး စု၊ တု၊ ပြု ဆိုတာ လုပ်ရပါတယ်”ဟု ရှင်းပြပါတယ်။

စာရေးသားရာမှာ အရေးအသားပိုင်းကျွမ်းကျင်မှုနဲ့သတ်ပုံသတ်ညွှန်းမှန်ကန်ရေးသည် အရေးကြီးတဲ့အကြောင်း စာရေးဆရာစိုးမိုး(ပါရဒိုင်း)က ဆိုပါတယ်။ “စာဖတ်ဝိုင်း အတော်များများကို ရောက်ပါတယ်။ ရောက်တဲ့အခါတိုင်း ကျွန်တော်ဆွေးနွေးဖြစ်တဲ့ အကြောင်းအရာကတော့ စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးကိစ္စတွေပါ။ ကျွန်တော်တို့မှာ စာလုံးပေါင်းသတ်ပုံကို အဓိကထားမှု နည်းပါတယ်။ စာရေးတဲ့သူကြောင့် မှားနိုင်တယ်။ ကွန်ပျူတာစာစီတဲ့အခါမှာ မှားနိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာစာကို တန်ဖိုးထားတဲ့အနေနဲ့ စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးကို အလေးထားသင့်ပါတယ်”ဟု ထောက်ပြ ဆွေးနွေးခဲ့တာပါ။

မြန်မာစာအသုံးအနှုန်း မှန်ကန်ရေးအတွက် ဆရာကြီး ဒေါက်တာထွန်းတင့်ရဲ့ စည်းနဲ့ကမ်းနဲ့ မြန်မာစာ၊ ဆရာကြီး မောင်ခင်မင် (ဓနုဖြူ) တို့ရဲ့ စာအုပ်စာပေများကို လေ့လာဆည်းပူးသင့်ပါတယ်။

စာရေးသားမှုနဲ့ပတ်သက်ပြီး မင်းကွန်းဆရာတော်ကြီး တိုက်တွန်းထားတာကတော့ – ဘယ်သူဖတ်ဖတ် မဖတ်ဖတ်၊ ရေးသာရေး၊ အနည်းဆုံး ကိုယ့်အတွက် မှတ်တမ်းကျန်တယ်တဲ့။ ။

## ချမ်းအေးသာစံမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။




အဆိုပါဟောပြောပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာဆိုင်ရာ အချက်အလက်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဘုန်းမြတ်



ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ပေါ်ရှိ စားအုန်းဆီ လက်လီလက်ကားရောင်းချသည့်ဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချစေရေး၊ ဆီစာအုပ်ဖြင့်သာ ရောင်းချစေရေးအတွက် ဩဂုတ် ၂ ရက်က ရှောင်တခင်ကွင်းဆင်းစစ်ဆေးရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်ဦးတို့က ပူးပေါင်း၍ မအူပင်မြို့နယ်အတွင်း စားအုန်းဆီဖြန့်ဖြူးရောင်းချနေသည့် လက်လီလက်ကားဆိုင် ၂၆ ဆိုင်ကို မြေပြင်ကွင်းဆင်းစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

## ဘိုကလေးမြို့နယ်၌ မြေငှားဂရန်ပေးအပ်ပွဲကျင်းပ

**ဘိုကလေး ဩဂုတ် ၂**

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာ၌ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဘုရားချောင်းကျေးရွာမှ မြေငှားဂရန်လျှောက်ထားမှုတွင် လုပ်ထုံးလုပ်နည်းနှင့် အကျုံးဝင်သည့် အိမ်ခြေ/မြေကွက်ပေါင်း ၇၂ ကွက်အား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်း



ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးတို့က ကျေးရွာမြေငှားဂရန်များကို ပြည်သူများလက်ဝယ်ပေးအပ်သည်။ **မိုးစက်(ဘိုကလေး)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၈-၂၀၂၆ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးပြုသောနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၀ အနတ္တလက္ခဏသုတ်တရားတော်
- ၀၈:၄၀ လမြတ်ဝါဆိုနှင့် အနတ္တလက္ခဏသုတ်
- ၀၉:၁၀ တောင်သူအများ[illegible]
- ၁၀:၃၅ ရိုးရာဝါးခမောက်လက်မှုပညာအမွေ
- ၁၁:၂၀ ဘဝနှင့်အနုပညာ "**တေးရေး – ကိုနေဝင်းနှင့်တွေ့ဆုံခြင်း**" (အပိုင်း-၁)
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ '**ပုဂံမှာမိုးတွေရွာတုန်းက**' (အပိုင်း-၂၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ '**ပျောက်ဆုံးသွားသောနေ့ရက်များ**' (အပိုင်း-၂၀)
- ၁၄:၃၀ မျိုးဆက်တင့်စေဆိုင်းရေးတီးအမွေ
- ၁၅:၀၅ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၆:၄၀ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၀ This Week's Special Interest
- ၁၈:၃၀ ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက် (ရခိုင်ပြည်နယ်)
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ '**ပုဂံမှာမိုးတွေရွာတုန်းက**' (အပိုင်း-၂၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) "**နှုတ်ချိုသျှိုတစ်ပါး**" (အပိုင်း-၃၄)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:02 Evergreen Classic: Myanma Panorama and Myanma Sentiment
- 07:07 Journey To The Mogok (Part-1)
- 07:29 Listening Pleasure, Instrumental Music (Horn Violin) Yadanabon
- 07:41 The Tasty Creator
- 08:01 News
- 08:26 Asia Updates; Blue-throated Bee-eater
- 08:32 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-3)
- 08:53 Local Talents Show (7)(John Skid)
- 09:01 Daytamotbarat Sasana Land
- 09:24 Kayah Style
- 09:31 Hand In Hand To Prevent and Fight Drug Abuse
- 10:01 News
- 10:26 Topical Topics; Pangas Catfish
- 10:32 The Art of Taxidermy: U Myo Naing

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ '**အလင်းပေးမယ့်မယောင်းတိုင်**' (အပိုင်း-၂)
- ၀၇:၅၀ "**မိုးလရာသီ**" တေးဂီတဖျော်ဖြေပွဲ
- ၀၉:၃၅ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၀:၀၅ မြန်မာရုပ်ရှင်(ဖြူမည်း) '**ခုနစ်စဉ်အလွမ်း**' သုမောင်၊ မေသန်းနု၊ စုလှိုင်နှင်း နွဲ့နွဲ့မူ၊ ခင်သန်းနွယ် (ဒါရိုက်တာ-မောင်ဝဏ္ဏ)

**MRTV NRC**

- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ချင်း(ဇိုး)ဝတ်စားဆင်ယင်မှုများ(အပိုင်း-၁)
- **ချင်း(ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဆေးဖက်ဝင်တဲ့ရဲယိုသီးနဲ့ရဲယိုရွက်
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ဂဝံယဉ်ကျေးမှု
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** လူတိုင်းအတွက်ကျန်းမာရေး
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှမ်းမပြီးတဲ့လမ်းခရီး
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** 'ဝ'ရိုးရာယဉ်ကျေးမှုပြခန်း
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ကေတုမတီတောင်ငူမြို့သို့အလည်တစ်ခေါက်(အပိုင်း-၁
- **စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကင်းမွန်ငါးကောက်ညှင်းအစာသွပ်
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဖိုင်းဖြူရွာက ရေလုပ်သားကြီးဘဝ
- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဘားအံမြို့နယ်မှခရီးစဉ်အသစ်သဘာဝရေလိုဏ်ဂူတောင်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးခြားစုံလင်အာရှစိတ်ဝင်စားဖွယ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၁၅ ကျန်းမာလှပမှုမှာ.....ချမ်း
- ၁၈:၄၅ ကမ္ဘာ့ဝါရေးကွက်ကိုဦးဆောင်လာမည့်ဘရာဇီး
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပမှု (Repeat)
- ၂၀:၀၀ ပြည်တွင်းသတင်း(၃-၈-၂၀၂၆)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ MSME ပြပွဲနှင့်အခွင့်အလမ်း
- ၀၇:၀၀ "စိုက်ပျိုးမွေးမြူသုတဘဏ်" စိုက်ပျိုးရေးသုတေသန၏ခရီးလမ်း
- ၀၈:၀၀ ကျေးလက်တွန်ရက်
- ၀၉:၀၀ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးဆီသို့
- ၁၀:၃၀ မဟာဗုဒ္ဓဝင်ဗွားတော်မူခန်း(ပထမပိုင်း)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၅ The Sports Editor's Top Picks Of This Week
- ၀၈:၀၀ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ပိုက်ကျော်ခြင်း)(ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ)(အမျိုးသား)(ငွေတံဆိပ်ဆုရ) (Replay)
- ၁၉:၀၀ အားကစားသတင်း

Scan Here — MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တနိုင်းမြို့နယ်၌ တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းနှင့် နို့စားနွားမွေးမြူခြင်းဆိုင်ရာ ဆွေးနွေး

**တနိုင်း ဩဂုတ် ၂**

ကချင်ပြည်နယ် တနိုင်းမြို့နယ် အထက(၁)ကျောင်း ပညာရတနာခန်းမ၌ ဆရာ ဆရာမများအား ကျောင်းအလိုက် တစ်သျှူးငှက်ပျောစိုက်ပျိုးနိုင်ရေး/နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောပွဲကျင်းပရာ ခရိုင်စိုက်ပျိုးရေးနှင့်မွေးမြူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်မည့် အစီအမံအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တနိုင်းမြို့နယ်ပညာရေးမှူး ဒေါ်ရီရီဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ကျောင်းများအလိုက် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တနိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးညီညီထွေးက တစ်သျှူးငှက်ပျောစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ အစီအမံများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**တနိုင်း(ပြန်/ဆက်)**



# တွံတေးမွေးမြူရေးဇုန်၌ ဇီဝလုံခြုံမှုဆိုင်ရာ ပညာပေးသင်တန်းဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မွေးမြူရေးဇုန်၌ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှကြီးမှူးဖွင့်လှစ်သော ဇီဝလုံခြုံမှုဆိုင်ရာ ပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါမွေးမြူရေးဇုန်ကော်မတီ စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တွံတေးမွေးမြူရေးဇုန်ကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်ထွန်းက ပြင်ပမှရောဂါများ မိမိခြံတွင်း (သို့) မိမိခန္ဓာကိုယ်အတွင်း မဝင်ရောက်ရန် ဆောင်ရွက်ခြင်း၊ မိမိခြံအတွင်း (သို့) မိမိခန္ဓာကိုယ်အတွင်းမှ ရောဂါများ ပြင်ပသို့မကူးစက်အောင်ဆောင်ရွက်ခြင်း၊ မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုအတွက် လိုက်နာဆောင်ရွက်ရန်အချက်များ၊ All in all out စနစ်ဖြင့် မွေးမြူရန်၊ မွေးမြူရေးခြံရှိ တိရစ္ဆာန်များ ရောင်းချပြီးပါက မွေးမြူရေးခြံအား သန့်ရှင်းရေးစနစ်တကျ သေချာစွာ ဆောင်ရွက်ရန်၊ မွေးမြူရေးခြံအား သန့်ရှင်းရေးလုပ်ပြီးနောက် စနစ်တကျ ပုံမှန်ပိုးသတ်ဆေးဖျန်းရန်၊ မွေးမြူရေးခြံအား သန့်ရှင်းရေးနှင့်ပိုးသတ်ဆေးဖျန်းခြင်းလုပ်ဆောင်ပြီးပါက မွေးမြူရေးခြံအား လုံခြုံအောင်ပိတ်ပြီး သတ်မှတ်ရက်အတိုင်းထားပြီးမှ တိရစ္ဆာန်အသစ် ထည့်သွင်းမွေးမြူရန်၊ မွေးမြူရေးခြံအတွင်း ဝင်ထွက်သွားလာသူများအား မှတ်တမ်းတင်စာအုပ်ထားရှိရန်၊ မွေးမြူထားသည့်တိရစ္ဆာန်များ သေဆုံးပါက စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်စသည်တို့ကို သင်တန်းသားများအား သင်ကြားပို့ချခဲ့သည်။



အဆိုပါသင်တန်းသို့ တွံတေးမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများမှ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မြင်းခြံမြို့၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေပညာဆရာဖြစ်သင်တန်း ဖွင့်လှစ်သင်ကြား

**မြင်းခြံ ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြင်းခြံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးအောင်ကျော်မင်းက ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ပြစ်မှုကျူးလွန်ပါက သက်ဆိုင်ရာကို အချိန်နှင့်တစ်ပြေးညီ သတင်းပို့နိုင်စေရန်နှင့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်၏ လုပ်ငန်းများကို သိရှိနိုင်စေရန် စသည့်အချက်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ချစ်ဦးနွေ(မြင်းခြံ)**

# မိုးနဲမြို့ မြဖူးဝေငွေစုငွေချေး သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်

**မိုးနဲ ဩဂုတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မြဖူးဝေငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် သင်းလုံးကျွတ်နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အသင်းအမှုဆောင်သစ်ရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပရာ သဘာပတိအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းသန်းစိုးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားသည်။



ဆက်လက်၍ အသင်းနှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုခြင်း၊ မြဖူးဝေငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ အမှုဆောင်သစ်ရွေးချယ်ခြင်းနှင့် သဘာပတိ၏ရှေ့တွင် အသင်းသားအမှုဆောင်သစ်များ ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဈေးကွက်ဝင် ဆန်စပါးမျိုးကောင်း ရွေးချယ်စိုက်ပျိုးလို့ တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်စို့ ...

အေးနွယ်လတ်၊ သိင်္ဂီမြင့် (YAU)

**မြန်မာနိုင်ငံသည် ဆန်စပါး အဓိက စိုက်ပျိုးထုတ်လုပ်သော နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံး၏ အဓိက စားသုံးကုန်မှာ ဆန်ဖြစ်သည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကကျသည့် စားသုံးကုန်သီးနှံဖြစ်သည့်အပြင် နိုင်ငံ့စီးပွားရေးအတွက် အရေးကြီးသော စိုက်ပျိုးရေးထွက်ကုန် ဖြစ်သည်။**

ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် ဈေးကွက်ပေါက်ဈေး လျော်ကန်သင့်မြတ်မှုရှိမှသာလျှင် တောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းမည်ဖြစ်သည်။ ဆန်စပါးဈေးကွက် တည်ငြိမ်ပြီး ဈေးနှုန်းသင့်တင့်မျှတမှုရှိမှသာ စားသုံးသူပြည်သူများ၏ လူမှုစီးပွားဘဝကို သာယာချောမွေ့စေမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စပါးစိုက်ပျိုးဧရိယာသည် အသားတင်သီးနှံစိုက်ပျိုးမြေ၏ ၅၉ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်ပြီး စိုက်ဧကအားဖြင့် ၁၇ ဒသမ ၆၂ သန်းခန့် ရှိပါသည်။ ထွက်ရှိလာသည့် စပါးသီးနှံ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုတွင် အသုံးပြုကြပါသည်။ ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်အထိ ရရှိခဲ့သည်။

**ဆန်နှင့်ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့**

မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့သည့်အပြင် ဥရောပနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်နှင့် ဗီယက်နမ်နိုင်ငံ အစရှိသည့် နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ထိုသို့ တင်ပို့သည့်အခါ ပင်လယ်ရေကြောင်းဖြင့်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများဖြင့် လည်းကောင်း ရောင်းချခဲ့သော်လည်း ၂၀၁၈ ခုနှစ်မှစ၍ ပင်လယ်ရေကြောင်းဖြင့် တင်ပို့မှုမှာ ပိုမိုများပြားလာခဲ့ပါသည်။ ယင်းအခြေအနေကြောင့် မြန်မာနိုင်ငံ၏ ဆန်နှင့်ဆန်ကွဲ ကုန်သွယ်မှု အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာခဲ့ပြီး ဆန်စပါးကဏ္ဍအတွက် အကျိုးကျေးဇူးများ ရှိလာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်စေရန် စပါးစိုက်ပျိုးသည့် တောင်သူများအတွက် အရေးပါသည့် အခြေခံအရင်းအမြစ်များ ကောင်းမွန်ရန် လိုအပ်ပါသည်။ သွင်းအားစုကုန်ကျစရိတ်များ၊ လုပ်အားခစရိတ်များနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ သင့်တင့်မျှတအောင် ဆောင်ရွက်ပေးခြင်းဖြင့်လည်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာစေနိုင်မည်ဖြစ်သည်။

ထို့ပြင် ဆန်စပါးဈေးကွက်တွင် ဆန်စပါးများကို ဝယ်ယူသိုလှောင်ခြင်း၊ ဈေးကစားခြင်းတို့ ပြုလုပ်၍ အမြတ်အစွန်းပိုမိုရရှိအောင် ပြုလုပ်ခြင်းသည် စီးပွားရေးနှင့် ဈေးကွက်တည်ငြိမ်မှုကို အကန့်အသတ်များဖြစ်စေသကဲ့သို့ စားသုံးသူပြည်သူများအတွက်လည်း အခက်အခဲများ ဖြစ်စေနိုင်ပါသည်။ နိုင်ငံတော်မှလည်း တောင်သူအကျိုးစီးပွားကို အစဉ်အမြဲရှေးရှုဆောင်ရွက်ပေးပြီး ဆန်စပါးဈေးနှုန်းတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ စပါးစိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း ဆန်စပါးဈေးကွက်တွင် အကျိုးအမြတ်အများဆုံးရရှိနိုင်မည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။

> **“ ဆန်စပါးကဏ္ဍနှင့်ဆက်စပ်နေသော အဖွဲ့အစည်းများကလည်း စပါးအရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သော စပါးမျိုးများကို တိုးမြှင့်ဖြန့်ဖြူးပေးရန်၊ ဆန်စပါးဈေးကွက် တည်ငြိမ်ပြီး ဈေးနှုန်းသင့်တင့်မျှတမှုရှိစေရေးကို စနစ်တကျထိန်းချုပ်ပေးရန်နှင့် နိုင်ငံတကာဆန်ဈေးကွက်သို့ အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် ဆန်နှင့် ဆန်ကွဲများ တိုးချဲ့ကုန်သွယ်မှုကို အားပေးဆောင်ရွက်ရန်လည်း လိုအပ် ”**

ထို့ကြောင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနမှ ပါရဂူဘွဲ့ သုတေသနအဖြစ် ပြည်တွင်း ပြည်ပဈေးကွက်အပေါ်မူတည်၍ ဆန်စပါးထုတ်လုပ်မှု၏ အကျိုးအမြတ်ရရှိမှုကို ဆန်းစစ်လေ့လာခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ပုဗ္ဗသီရိနှင့် ဇေယျာသီရိမြို့နယ်များမှ မိုးစပါးစိုက်ပျိုးသည့် တောင်သူ ၁၈၀ ကို စစ်တမ်းကောက်ယူခဲ့သည်။

**ရက်-၉၀ စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်**

နမူနာတောင်သူအများစုသည် အသက်အရွယ်အားဖြင့် ပျမ်းမျှ ၅၄ နှစ်ခန့်ရှိကြပြီး စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အတွေ့အကြုံအားဖြင့် ပျမ်းမျှ ၃၁ နှစ်ခန့် လုပ်ကိုင်ခဲ့ကြ၍ အတွေ့အကြုံ များပြားကြသည်။ တောင်သူများသည် ဆင်းသုခ၊ မနောသုခ၊ ရောမင်း၊ မဂျမ်းတော၊ ရွှေဝါဝင်း၊ ရွှေဝါမွှေး၊ သုခ-၁၊ ဘက်စမာတီ (Basmati)၊ ရောပဒေသာ၊ ပေါ်ဆန်း၊ ထိုင်းနှံကောက်၊ ဗျော့ထွန်း၊ GW-11၊ ဗျော့သုခ၊ ရတနာတိုး၊ ပုလဲသွယ်နှင့် ရက်-၉၀ စသည့် စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်ကြသည်။

နမူနာတောင်သူများစိုက်ပျိုးသော စပါးမျိုးများကို ပြည်တွင်း ပြည်ပဈေးကွက်များတွင် ရောင်းချနေသော ဆန်စပါးမျိုးများနှင့် လေ့လာစစ်တမ်းပြုသည့်အခါ ဆင်းသုခ၊ မနောသုခ၊ ရောမင်း၊ မဂျမ်းတော၊ ရွှေဝါဝင်း၊ ရွှေဝါမွှေး၊ သုခ-၁၊ ဘက်စမာတီ (Basmati)၊ ရောပဒေသာနှင့် ပေါ်ဆန်းစသည့် စပါးမျိုးများကို ပြည်တွင်းဆန်စပါးဈေးကွက်တွင် အများဆုံးရောင်းချနေကြောင်း တွေ့ရှိရသည်။ ထိုင်းနှံကောက်၊ ဗျော့ထွန်း၊ GW-11၊ ဗျော့သုခ၊ ရတနာတိုး၊ ပုလဲသွယ်နှင့် ရက်-၉၀ စသည့် စပါးမျိုးများကို ပြည်ပဈေးကွက်တွင် အများဆုံးရောင်းချနေကြောင်း တွေ့ရှိရသည်။

တောင်သူများအား မေးမြန်း၍ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင် ရောင်းချနေသော စပါးမျိုးများအလိုက် စိုက်ပျိုးထုတ်လုပ်မှု၏ စပါးအထွက်နှုန်း၊ စပါးဈေးနှုန်းနှင့် အကျိုးအမြတ်ပြန်ရချက်များအပေါ် နှိုင်းယှဉ်လေ့လာမှုကို ဇယားနမူနာတွင် ဖော်ပြထားပါသည်။

စပါးအထွက်နှုန်းကို နှိုင်းယှဉ်ကြည့်ရာတွင် ပြည်တွင်းဈေးကွက်ဝင် စပါးမျိုးများ၏ အထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၈၅ ဒသမ ၁၆ တင်း ထွက်ရှိပြီး ပြည်ပဈေးကွက်ဝင် စပါးမျိုးများသည် အထွက်နှုန်း တစ်ဧက ပျမ်းမျှ ၉၆ ဒသမ ၈၃ တင်း ထွက်ရှိသည့်အတွက် ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ၁၁ ဒသမ ၆၇ တင်း ပိုမိုထွက်ရှိကြောင်း တွေ့ရှိရသည်။

စပါးတစ်တင်းဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပြည်တွင်းဈေးကွက်ဝင် စပါးမျိုးများသည် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ ၂၀၂၄၇ ကျပ်ဖြစ်ပြီး ပြည်ပဈေးကွက်ဝင် စပါးမျိုးများ၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ ၁၇၉၄၉ ကျပ်ဖြစ်သည့်အတွက် ပြည်တွင်းဈေးကွက်ဝင် စပါးမျိုးကို စိုက်ပျိုးသူတောင်သူများအနေဖြင့် စပါးတစ်တင်းလျှင် ပျမ်းမျှ ၂၃၉၈ ကျပ် ပိုမိုရရှိကြောင်း တွေ့ရှိရသည်။

အကျိုးအမြတ် ပြန်ရချက်အနေဖြင့် ပြည်တွင်းဈေးကွက်ဝင် စပါးမျိုးများ၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (BCR) မှာ ၁ ဒသမ ၉၉ အရ လယ်တစ်ဧကတွင် ငွေကျပ်တစ်သိန်း ရင်းနှီးမြှုပ်နှံပါက အမြတ်ငွေကျပ် ၉၉၀၀၀ ရရှိပြီး ပြည်ပဈေးကွက်ဝင် စပါးမျိုးများ၏ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုးမှာ ၂ ဒသမ ၁၅ အရ လယ်တစ်ဧကတွင် ငွေကျပ်တစ်သိန်း ရင်းနှီးမြှုပ်နှံပါက အမြတ်ငွေကျပ် ၁၁၅၀၀၀ ပြန်လည်ရရှိကြကြောင်း လေ့လာတွေ့ရှိရသည်။

**အကျိုးအမြတ် ပိုမိုသာလွန်**

ပြည်တွင်းဈေးကွက်ဝင် စပါးမျိုးများနှင့် ပြည်ပဈေးကွက်ဝင် စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်မှု၏ ပြန်ရရှိချက်အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုးများအပေါ် ခြုံငုံသုံးသပ်ပါက ပြည်ပဈေးကွက်ဝင် စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများသည် စပါးအထွက်နှုန်း ပိုမိုရရှိသည့်အတွက် စပါးဈေးနှုန်းရရှိမှုနည်းသော်လည်း အကျိုးအမြတ် ပိုမိုသာလွန်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဆန်စပါးသီးနှံသည် နိုင်ငံ့စီးပွားရေးအတွက် အလွန်အရေးကြီးသော စိုက်ပျိုးရေးထွက်ကုန်ဖြစ်ခြင်းကြောင့် ပြည်ပဈေးကွက်ဝင်ဆန်စပါးမျိုးများကို ပိုမိုတိုးမြှင့်စိုက်ပျိုးထုတ်လုပ်ပြီး ကုန်သွယ်မှုကို တိုးချဲ့ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်ဝင် စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်ရုံသာမက အထွက်နှုန်းနှင့် အကျိုးအမြတ် ပိုမိုရရှိသည့် ပြည်ပဈေးကွက်ဝင် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပါသည်။

ဆန်စပါးကဏ္ဍနှင့်ဆက်စပ်နေသော အဖွဲ့အစည်းများကလည်း စပါးအရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သော စပါးမျိုးများကို တိုးမြှင့်ဖြန့်ဖြူးပေးရန်၊ ဆန်စပါးဈေးကွက် တည်ငြိမ်ပြီး ဈေးနှုန်းသင့်တင့်မျှတမှုရှိစေရေးကို စနစ်တကျထိန်းချုပ်ပေးရန်နှင့် နိုင်ငံတကာဆန်ဈေးကွက်သို့ အရည်အသွေးစံချိန်စံညွှန်းပြည့်မီသည့် ဆန်နှင့်ဆန်ကွဲများ တိုးချဲ့ကုန်သွယ်မှုကို အားပေးဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**တောင်သူများ၏ စပါးအထွက်နှုန်း၊ စပါးဈေးနှုန်း၊ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး (နမူနာ)**

| အကြောင်းအရာ | ယူနစ် | ပြည်တွင်းဈေးကွက်ဝင် စပါးမျိုးများ | ပြည်ပဈေးကွက်ဝင် စပါးမျိုးများ | ကွဲလွဲချက် |
|---|---|---|---|---|
| စပါးအထွက်နှုန်း | တင်း/ဧက | ၈၅.၁၆ | ၉၆.၈၃ | ၁၁.၆၇ |
| စပါးဈေးနှုန်း | ကျပ်/တင်း | ၂၀,၃၄၇ | ၁၇,၉၄၉ | ၂,၃၉၈ |
| အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး | | ၁.၉၉ | ၂.၁၅ | ၀.၁၆ |

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်း ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကျောင်းသားကျောင်းသူများအား ကျန်းမာသန်စွမ်း၍ ကြီးထွားဖွံ့ဖြိုးနိုင်ရန်နှင့် အာဟာရပြည့်ဝသော စားသောက်မှု အလေ့အကျင့်ကောင်းများရရှိရန်အတွက် ဇူလိုင် ၂၈ ရက်က ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိကျောင်းများမှ KG ကျောင်းသားကျောင်းသူများအား အာဟာရအုပ်စု (၅) အုပ်စုအား ရှင်းလင်းပြောကြားခြင်း၊ အာဟာရကျွေးမှုမပြုလုပ်မီ လက်ဆေးခြင်း၊ အာဟာရမှုန့်နှင့် ထမင်းရောကျွေးခြင်း၊ အစာစားပြီးချိန်တွင် လက်ဆေးခြင်းနှင့် အစာစားပြီး သွားတိုက်ခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



ဟန်နီ(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း (၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များ အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန် တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | ကောင်းမွန် | – |
| | ၆ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | ကောင်းမွန် | – |
| | ၇ | သန်လျင်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | – |
| | ၈ | ဒလမြို့ | ကောင်းမွန် | | | | | |
| | ၉ | လှည်းကူးမြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| | ၂ | တောင်ငူမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| | ၃ | ပြည်မြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| | ၄ | သာယာဝတီမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၁၀ | ကယားပြည်နယ် | | | | | | | |
| | ၁ | လွိုင်ကော်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၂ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# အမျိုးသားကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့...

*ထက်ဖေယံ*

**"ကျန်းမာခြင်းသည် လာဘ်တစ်ပါး"ဆိုသည့် ဆိုရိုးစကားသည် ခေတ်အဆက်ဆက် မှန်ကန်နေသည့် အမှန်တရားတစ်ခုဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံးသော အင်အားစုမှာ ကျန်းမာကြံ့ခိုင်သည့် လူသားအရင်းအမြစ်ပင်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ပြည့်စုံသော လူ့အဖွဲ့အစည်းသည်သာ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်ပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အား ဖြစ်စေနိုင်ပါသည်။**

> ❖ **အဆင့်မြင့်ဆေးပညာရှင်များ၊ သူနာပြုများနှင့် ကျွမ်းကျင်သူများကို အရေအတွက်နှင့် အရည်အသွေးပြည့်မီစွာ မွေးထုတ်ခြင်းသည် ရေရှည်ကျန်းမာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများ၏ အတတ်ပညာသာမက ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများကိုပါ စနစ်တကျလေ့ကျင့်ပေးခြင်းဖြင့် ပြည်သူများ ယုံကြည်အားကိုးရသော ဆေးပညာရှင်များ ဖြစ်လာစေမည်ဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ သင်ကြားရေးစနစ်များကို ကျင့်သုံးခြင်းဖြင့် မိမိတို့၏ ဆေးပညာလောကကို ကမ္ဘာ့အဆင့်သို့ မြှင့်တင်နိုင်မည်**

ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် ရောဂါဘယကင်းဝေးစေရေးမှာ ကျွန်ုပ်တို့အားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

နိုင်ငံတော်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးကဏ္ဍသည် အဓိကကျောရိုးဖြစ်ပြီး ပြည်သူများ၏ သက်တမ်းရှည်ကြာရေးနှင့် လူမှုအဆင့်အတန်းမြင့်မားရေးကို အခြေခံရည်မှန်းချက်အဖြစ် ချမှတ်ထားပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ထိုနိုင်ငံရှိ နိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်မှုအပေါ်တွင် တိုက်ရိုက်တည်မှီနေပါသည်။ ထို့ကြောင့် အမျိုးသားကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် ရည်မှန်းချက်ထားရှိခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လှမ်းတက်ရာတွင် ကျန်းမာသန်စွမ်းသည့် နိုင်ငံသားကောင်းများက အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန်အတွက် ဖြစ်ပါသည်။

**မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်**

ပြည်သူတစ်ရပ်လုံး ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရန်အတွက် ခိုင်မာသောမူဝါဒများဖြင့် မြို့ပြနှင့် ကျေးလက်မကျန် ဟန်ချက်ညီညီဖွံ့ဖြိုးလာအောင် ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ အခြေခံလူတန်းစားများမှစ၍ အလွှာပေါင်းစုံရှိ ပြည်သူများအားလုံး အရည်အသွေးရှိသော ကျန်းမာရေးဝန်ဆောင်မှုများကို ငွေကြေးအခက်အခဲမရှိဘဲ ရယူခံစားနိုင်ရေးမှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ခိုင်မာအားကောင်းသော ကျန်းမာရေးစနစ်တစ်ခုဖြစ်ပေါ်လာစေရန်အတွက် မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များကို အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူထုအကျိုးကို ရေးရှုနိုင်မည်ဖြစ်ပါသည်။

**"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး"**အတွက် အခြေခံအကျဆုံးမှာ နေ့စဉ်ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြစ်ပြီး လူငယ်လူရွယ်များအကြား အားကစားစိတ်ဓာတ်ထက်သန်လာစေရေးမှာအရေးကြီးပါသည်။ ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိမှသာ စိတ်ပိုင်းဆိုင်ရာ တက်ကြွလန်းဆန်းမှု ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း၌လည်း ထိရောက်သော စွမ်းဆောင်ရည်များကို ပြသနိုင်မည်ဖြစ်ပါသည်။ အားကစားလှုပ်ရှားမှုများကို လူထုလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ရောဂါဘယများကို သဘာဝအတိုင်းခုခံကာကွယ်နိုင်သော စွမ်းအားများ ရရှိလာမည်ဖြစ်ပါသည်။

အာဟာရပြည့်ဝသော အစားအစာများကို ရွေးချယ်စားသုံးခြင်းသည် ရောဂါဘယများကို ကြိုတင်ကာကွယ်ခြင်းဖြစ်ပြီး အခြေခံစားသောက်ကုန်များတွင် ပါဝင်ရမည့် အာဟာရဓာတ်များကို ပြည်သူများ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ နေ့စဉ်စားသုံးမှုတွင် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို မျှတစွာ ပါဝင်စေခြင်းဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များကို ရရှိနိုင်ပါသည်။ အထူးသဖြင့် ဆား၊ သကြားနှင့် ဆီတို့ကို လျှော့ချစားသုံးသော အလေ့အထကို ပျိုးထောင်ခြင်းဖြင့် ရေရှည်တွင် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများကို ထိရောက်စွာ တားဆီးနိုင်မည်ဖြစ်ပါသည်။

ရောဂါပိုးမွှားများ ကင်းစင်စေရန်အတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် စနစ်တကျယဉ်ကျေးသော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမှာ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်ပါသည်။ သန့်ရှင်းသောပတ်ဝန်းကျင်သည် စိတ်ကြည်လင်မှုကို ပေးစွမ်းနိုင်ရုံသာမက ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးကဲ့သို့သော ပတ်ဝန်းကျင်ကြောင့်ဖြစ်သည့် ရောဂါများကို အမြစ်ပြတ်တိုက်ဖျက်နိုင်ပါသည်။ မိမိတို့၏ အိမ်များမှစ၍ အများပြည်သူဆိုင်ရာ နေရာများအထိ သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းခြင်းမှာ နိုင်ငံသားတိုင်း လိုက်နာရမည့် ကျန်းမာရေးကျင့်ဝတ်တစ်ခုပင်ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါများနှင့် ဒေသတွင်း ဖြစ်ပွားတတ်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် ထိရောက်သော စောင့်ကြည့်စစ်ဆေးရေးစနစ်များကို အမြဲမပြတ် အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ ရောဂါတစ်ခုဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်နှင့် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက် စီးဆင်းမှုစနစ်များကို အားကောင်းအောင် တည်ဆောက်ထားရပါမည်။ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း ကိုယ်ခံအားစနစ်ကောင်းမွန်လာအောင် တည်ဆောက်ခြင်းမှာ ကူးစက်ရောဂါများ ပြန့်ပွားမှုကို ဟန့်တားရာတွင် အလွန်အရေးကြီးပါသည်။

**အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်လို**

သွေးတိုး၊ ဆီးချိုနှင့် နှလုံးရောဂါကဲ့သို့သော လူနေမှုပုံစံကြောင့်ဖြစ်သည့် မကူးစက်နိုင်သော ရောဂါများကို လျှော့ချနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဤရောဂါများသည် ရုတ်တရက် လက္ခဏာမပြသော်လည်း ရေရှည်တွင် အသက်အန္တရာယ်ကို စိုးရိမ်ရစေသဖြင့် ဆေးလိပ်နှင့် အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ရန် အထူးလိုအပ်ပါသည်။ ကျန်းမာသော လူနေမှုစနစ်ကို ကျင့်သုံးခြင်းဖြင့် မကူးစက်နိုင်သော ရောဂါများကြောင့် ဖြစ်ပေါ်လာမည့် ဆေးကုသစရိတ်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုများကို ထိရောက်စွာ လျှော့ချနိုင်မည် ဖြစ်ပါသည်။

မိခင်နှင့် ကလေးသေဆုံးမှုနှုန်း လျှော့ချရေးမှာ နိုင်ငံတော်၏အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ရပါမည်။ ကလေးငယ်များ၏ အသက်ဦးဆုံး ရက်ပေါင်းတစ်ထောင်အတွင်း အာဟာရပြည့်ဝမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုသည် ထိုကလေးငယ်၏ တစ်သက်တာဖွံ့ဖြိုးမှုအတွက် အဆုံးအဖြတ်ဖြစ်ပါသည်။ အနာဂတ်၏ကြယ်ပွင့်များဖြစ်သော ကလေးငယ်များ ကျန်းမာသန်စွမ်းစွာ ကြီးပြင်းလာစေရေးအတွက် မိသားစုတိုင်းနှင့် ကျန်းမာရေးဌာနများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သောအနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် ရှေ့တန်းမှ ကြိုးပမ်းပေးနေသော ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးနိုင်မည်ဖြစ်ပါသည်။ ၎င်းတို့သည် ဝေးလံခေါင်ဖျားသော ဒေသများအထိ သွားရောက်ကာ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြသူများ ဖြစ်ပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သော အထောက်အပံ့များနှင့် လေ့ကျင့်သင်တန်းများကို ပံ့ပိုးပေးခြင်းဖြင့် တစ်နိုင်ငံလုံး၏ ကျန်းမာရေးအဆင့်အတန်းကို အောက်ခြေမှစ၍ မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

ခေတ်မီဆေးကုသမှုကိရိယာများနှင့် ကျွမ်းကျင်ပညာရှင်များပါဝင်သော ဆေးရုံများကို တိုးချဲ့တည်ဆောက်ခြင်းဖြင့် ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ရရှိစေမည်ဖြစ်ပါသည်။ ကုသမှုအရည်အသွေး မြင့်မားစေရန်အတွက် ဆေးရုံယဉ်ကျေးမှုနှင့် စီမံခန့်ခွဲမှုစနစ်များကို ခေတ်နှင့်အညီ ပြောင်းလဲကာ လူနာများအပေါ် နွေးထွေးပျူငှာစွာ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းရပါမည်။ မြို့နယ်အဆင့်မှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အထိ ဆေးရုံများတွင် လိုအပ်သောဆေးဝါးနှင့် စက်ကိရိယာများ ပြည့်စုံစေရေးမှာ အစဉ်တစိုက် အလေးထားရမည့် ကိစ္စရပ်ဖြစ်ပါသည်။

မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာကို သိပ္ပံနည်းကျ ဖော်ထုတ်ပြီး ဘေးဥပဒ်ကင်းစင်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းဖြင့် မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရာရောက်ပါသည်။ ရိုးရာဆေးပညာ၏ အားသာချက်များကိုမျက်မှောက်ခေတ်ဆေးပညာနှင့် ပေါင်းစပ်ကာ ပြည်သူများအတွက် ဘေးကင်းပြီးထိရောက်သောကုထုံးများကိုဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ တိုင်းရင်းဆေးပင်များကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆေးဝါးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

ပြည်သူများ ကျန်းမာရေးအသိရှိမှသာ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်ရာ မီဒီယာကဏ္ဍမှတစ်ဆင့် အသိပညာပေးမှုများကို တိုးချဲ့လုပ်ဆောင်ရန် လိုအပ်ပါသည်။ ခေတ်မီနည်းပညာများကို အသုံးပြု၍ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို ပြည်သူများထံ အလွယ်တကူရောက်ရှိစေခြင်းဖြင့် ရောဂါကာကွယ်ရေးစိတ်ဓာတ်ကို မြှင့်တင်နိုင်ပါသည်။ မှားယွင်းသော ကျန်းမာရေးသတင်းအချက်အလက်များကို တားဆီးကာ မှန်ကန်သောလမ်းညွှန်ချက်များကို ထုတ်ပြန်ပေးခြင်းဖြင့် လူထု၏ကျန်းမာရေးအဆင့်အတန်းကို ပိုမိုမြင့်မားစေမည်ဖြစ်ပါသည်။

နိုင်ငံခြားမှ တင်သွင်းမှုအပေါ် လျှော့ချနိုင်ရန်နှင့် ဆေးဝါးဖူလုံစေရန်အတွက် ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်ရန် လိုအပ်ပါသည်။ မိမိတို့နိုင်ငံတွင် လိုအပ်သော အခြေခံဆေးဝါးများကို ကိုယ်တိုင်ထုတ်လုပ်နိုင်ခြင်းသည် အမျိုးသားလုံခြုံရေးနှင့် ကျန်းမာရေးလုံခြုံမှုအတွက် အလွန်အရေးပါသော ခြေလှမ်းဖြစ်ပါသည်။ အရည်အသွေးမီ ဆေးဝါးများကို ဈေးနှုန်းချိုသာစွာဖြင့် ပြည်သူများ ဝယ်ယူရရှိနိုင်ရေးအတွက် စက်မှုကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

အဆင့်မြင့်ဆေးပညာရှင်များ၊ သူနာပြုများနှင့် ကျွမ်းကျင်သူများကို အရေအတွက်နှင့် အရည်အသွေးပြည့်မီစွာ မွေးထုတ်ခြင်းသည် ရေရှည်ကျန်းမာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများ၏ အတတ်ပညာသာမက ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများကိုပါ စနစ်တကျလေ့ကျင့်ပေးခြင်းဖြင့် ပြည်သူများ ယုံကြည်အားကိုးရသော ဆေးပညာရှင်များ ဖြစ်လာစေမည်ဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ သင်ကြားရေးစနစ်များကို ကျင့်သုံးခြင်းဖြင့် မိမိတို့၏ ဆေးပညာလောကကို ကမ္ဘာ့အဆင့်သို့ မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

**လူမှုရေးပံ့ပိုးမှု ကွန်ရက်များကို တည်ဆောက်**

ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရုံသာမက စိတ်ပိုင်းဆိုင်ရာကျန်းမာရေးသည်လည်း အရေးကြီးသဖြင့် စိတ်ဖိစီးမှုလျှော့ချရေးနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ခေတ်သစ်လူနေမှုစနစ်တွင် ကြုံတွေ့ရသော စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် လူမှုရေးပံ့ပိုးမှု ကွန်ရက်များကို ခိုင်မာအောင် တည်ဆောက်ရပါမည်။ စိတ်ကျန်းမာရေးအသိပညာကို လူတိုင်းနားလည်စေရန် ဆောင်ရွက်ခြင်းဖြင့် စိတ်ကျန်းမာရေးပြဿနာများကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။

ပြည်သူများစားသုံးသော အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တင်းကျပ်သော စစ်ဆေးကြပ်မတ်မှုများကို အမြဲမပြတ် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဈေးကွက်အတွင်းရှိ ကုန်ပစ္စည်းများတွင် တားမြစ်ဓာတုပစ္စည်းများ ပါဝင်မှုရှိ၊ မရှိကို စနစ်တကျ စစ်ဆေးခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်ပေးသင့်ပါသည်။ ထုတ်လုပ်သူများဘက်မှလည်း စနစ်တကျ လိုက်နာဆောင်ရွက်စေရန် ဥပဒေကြောင်းအရ ထိန်းကျောင်းခြင်းနှင့် အသိပညာပေးခြင်းများကို ဟန်ချက်ညီညီ လုပ်ဆောင်ရန် လိုအပ်ပါသည်။

စာမျက်နှာ ၁၃ သို့

## တစ်ပတ်တာ ဖတ်စရာ

# မြန်မာရေးရာ

**ဇူလိုင် ၂၆ ရက်**

### ကံပိုင်တည်ကုန်သွယ်ရေးစခန်း ပြောင်းရွှေ့ဖွင့်လှစ်မည်

ကချင်ပြည်နယ် မိုင်းနားကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းကို ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုရှိ ကုန်ချိန်းကွင်းတစ်ခုအတွင်း ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြည်နယ်အဆင့်အစည်းအဝေးမှသိရသည်။

**ဇူလိုင် ၂၇ ရက်**

### ဝဇီရာ ဂုဏ်ပြုခံ ကဇာတ်ရုံဖွင့်လှစ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရန်ကုန်မြို့ရှိ သမိုင်းဝင် ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။ နှစ်ပေါင်း ၁၀၃ နှစ် သက်တမ်းရှိ အဆောက်အအုံအား မူလလက်ရာမပျက် ထိန်းသိမ်းကာ ခေတ်မီနည်းပညာများဖြင့် ပြန်လည်မွမ်းမံထားပြီး ရုပ်ရှင်၊ ပြဇာတ်၊ သဘင်၊ ဂီတနှင့် ယဉ်ကျေးမှု ဖျော်ဖြေပွဲများ ကျင်းပနိုင်မည့် အနုပညာဗဟိုချက်အဖြစ် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ထို့အတူ နိုင်ငံတော်သမ္မတသည် မြန်မာအာကာသအေဂျင်စီ(MSA)၏ နိုင်ငံတော်သစ် ရက် ၁၀၀ အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများ အပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး MAH–1 ဂြိုဟ်တုမြေပြင်ထိန်းချုပ်ရေးစခန်း၊ Earth Remote Sensing နည်းပညာတို့ကို လေ့လာကြည့်ရှုခဲ့သည်။

**ဇူလိုင် ၂၈ ရက်**

### မြန်မာ-ဂျပန် စီးပွားရေးဖိုရမ် ကျင်းပ

နိုင်ငံတော်သမ္မတ တက်ရောက်ဖွင့်လှစ်ခဲ့သည့် မြန်မာ–ဂျပန် စီးပွားရေးဖိုရမ်တွင် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆွေးနွေးခဲ့ကြသည်။

**ဇူလိုင် ၂၉ ရက်**

### ဝါဆိုလပြည့်နေ့ ဘုရားစေတီများ၌ ပြည်သူများဖြင့် စည်ကား

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ပြည်သူများက ဘုရားဖူးမြော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူခြင်း၊ သီလဆောက်တည်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြသည်။

### AA နှင့် PDF ၃၂ ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် ၂၀ နှင့် PDF အမည်ခံအဖွဲ့ဝင် ၁၂ ဦးတို့ လက်နက်ခဲယမ်းများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးတွင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

**ဇူလိုင် ၃၀ ရက်**

### နိုင်ငံတော်သမ္မတထံ အီသီယိုးပီးယားသံအမတ်ကြီး ဂါရဝပြုတွေ့ဆုံ

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Daba Debele Hunde သည် နိုင်ငံတော်သမ္မတထံ လာရောက်ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေးခဲ့သည်။

### လျှပ်စစ်မီတာအသစ် အွန်လိုင်းမှ လျှောက်ထားနိုင်

လျှပ်စစ်မီတာအသစ် လိုအပ်သူများအနေဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက်မှစ၍ www.moee.gov.mm မှတစ်ဆင့် လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အမြန်ဆုံး မီတာတပ်ဆင်ပေးသွားမည်ဖြစ်သည်။

**ဇူလိုင် ၃၁ ရက်**

### နိုင်ငံတော်သမ္မတ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြော

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းကို နိုင်ငံတော်၏ လက်ရှိအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

### ကလေး-တမူးနှင့် ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းများ ဖွင့်လှစ်

တပ်မတော်စစ်ကြောင်းများက ကလေး–တမူးနှင့် ကလေးဝ–ယာကြီး–မုံရွာလမ်းကြောင်းများ ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ခဲ့ပြီး ဒေသတွင်း ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့်မြောက်ချိန်တွင် ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

**ဩဂုတ် ၁ ရက်**

### လက်နက်ကိုင်အဖွဲ့ဝင် ၃၀၃ ဦး ဥပဒေဘောင်အတွင်းဝင်ရောက်

KIA၊ KNU၊ AA၊ ABSDF၊ SAF နှင့် PDF အမည်ခံအဖွဲ့များမှ အမျိုးသား ၂၈၀၊ အမျိုးသမီး ၂၃ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ပြီး ၎င်းတို့ကို မိဘအုပ်ထိန်းသူများထံ အပ်နှံခဲ့သည်။

# ကမ္ဘာရေးရာ

### ဂျပန်ရှေးဟောင်းမြို့တော်များ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်

ယူနက်စကိုက ဂျပန်နိုင်ငံ နာရာခရိုင်ရှိ အဆုခနှင့် ဖူဂျီဝါရာ ရှေးဟောင်းမြို့တော်များအပါအဝင် သမိုင်းဝင်နေရာအချို့ ကမ္ဘာ့အမွေအနှစ်စာရင်းတွင်ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။

### နီပေါ၏ ပထမဆုံး အဝေးပြေးလမ်း ဥမင်ဖွင့်လှစ်

နီပေါနိုင်ငံတွင် ၂ ဒသမ ၆၈ ကီလိုမီတာ ရှည်လျားသည့် ပထမဆုံး အဝေးပြေးလမ်းဥမင်လိုဏ်ခေါင်းကို ဖွင့်လှစ်ခဲ့ပြီး ခတ္တမန္ဒူမြို့သို့ သွားလာချိန်ကို မိနစ် ၂၀ မှ ၃၀ အထိ လျှော့ချနိုင်မည်ဖြစ်သည်။

### မလေးရှား၌ အွန်လိုင်းလိမ်လည်သူ ၃၀၀ ကျော်ဖမ်းဆီး

မလေးရှားရဲတပ်ဖွဲ့က Forest City ဒေသရှိ အွန်လိုင်းလိမ်လည်မှုစင်တာများကို ဝင်ရောက်စီးနင်းရာ Cryptocurrency လိမ်လည်မှုနှင့် Romance Scam များတွင် ပါဝင်သူ နိုင်ငံခြားသား ၃၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

### ဗီယက်နမ်သို့ ခရီးသွားဧည့်သည် ၂၁ သန်းကျော် လာရောက်

ဗီယက်နမ်နိုင်ငံသို့ ၂၀၂၆ ခုနှစ် ပထမခုနစ်လအတွင်း ပြည်တွင်းနှင့် နိုင်ငံခြားခရီးသွားဧည့်သည် စုစုပေါင်း ၂၁ ဒသမ ၁၆ သန်းခန့် လာရောက်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။

### ဂျပန်လျှပ်ကြောင့် သေဆုံးသူ ၃၄ ဦးရှိလာ

ဂျပန်နိုင်ငံ ကူမာမိုတိုပြည်နယ်တွင် အင်အား ၇ ဒသမ ၁ အဆင့်ရှိငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၃၄ ဦးရှိလာပြီး လူ ၉၄၀၀ ကျော်ကို ကယ်ဆယ်ရေးစခန်းများတွင် နေရာချထားပေးခဲ့သည်။

### Anthropic AI မော်ဒယ် စနစ်များအတွင်း ခွင့်ပြုချက်မရှိ ဝင်ရောက်

အမေရိကန် AI ကုမ္ပဏီ Anthropic ၏ Claude AI မော်ဒယ်သည် စမ်းသပ်အကဲဖြတ်မှုအတွင်း အခြားအဖွဲ့အစည်းသုံးခု၏ ကွန်ပျူတာစနစ်များအတွင်း ခွင့်ပြုချက်မရှိ ဝင်ရောက်ခဲ့ကြောင်း ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

### မလေးရှားလူဦးရေ ၃၄ ဒသမ ၄ သန်းအထိ ရှိလာမည်

မလေးရှားနိုင်ငံ၏ လူဦးရေသည် ၂၀၂၆ ခုနှစ်အတွင်း ၃၄ ဒသမ ၄ သန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်ထက် လူဦးရေတိုးလာမည်ဖြစ်ကြောင်း တရားဝင်စာရင်းအင်းများက ဖော်ပြသည်။

### ရွှေ့ပြောင်းနေထိုင်သူများ ဆီယူတာနယ်မြေသို့ အစုလိုက်ဝင်ရောက်

မိုရိုကိုနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ ၆၀၀၀ ခန့် စပိန်ပိုင် ဆီယူတာနယ်မြေသို့ ဝင်ရောက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ကြက်ထားပြီး နယ်စပ်ဖြတ်ကျော်မှုအတွင်း သေဆုံးသူများရှိကာ စပိန်နှင့် အီးယူတာဝန်ရှိသူများက အခြေအနေကို တုံ့ပြန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

❖ ❖ ❖

*စာမျက်နှာ ၁၂ မှ*

ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ရှိသော အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုကို အကာအကွယ်ပေးခြင်းဖြင့် လုပ်ငန်းခွင် စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ အလုပ်ခွင်အတွင်း ဖြစ်ပွားတတ်သော မတော်တဆမှုများနှင့် လုပ်ငန်းခွင်ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် စံလုပ်ထုံးလုပ်နည်းများ ချမှတ်ထားရှိရပါမည်။ ကျန်းမာသော အလုပ်သမားထုသည်သာ နိုင်ငံတော်၏ စီးပွားရေးကို အားကောင်းစေနိုင်သဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ကျန်းမာရေးဆိုင်ရာ နားလည်မှုများ တည်ဆောက်ရန် လိုအပ်ပါသည်။

ဆေးပညာသုတေသနလုပ်ငန်းများကို အားပေးခြင်းနှင့် ခေတ်မီဒီဂျစ်တယ်ကျန်းမာရေးစနစ်ကို ကျင့်သုံးခြင်းဖြင့် ကုသမှုလုပ်ငန်းများ ပိုမိုမြန်ဆန်တိကျလာမည်ဖြစ်ပါသည်။ တယ်လီမက်ဒီဆင် (Telemedicine) နည်းပညာကို အသုံးပြု၍ ဝေးလံသော ဒေသများရှိ လူနာများကို အထူးကုဆရာဝန်ကြီးများနှင့် ချိတ်ဆက်ပြသပေးခြင်းမှာ နည်းပညာ၏ အကျိုးကျေးဇူးပင်ဖြစ်ပါသည်။ သုတေသနအသစ်များကို အစဉ်တစိုက်ပြုလုပ်ခြင်းဖြင့် ဆေးပညာလောက၏ စိန်ခေါ်မှုများကို အဖြေရှာကာ ပိုမိုကောင်းမွန်သော ကုထုံးများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများ ကျန်းမာအသက်ရှည်စွာဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ရေးအတွက် အထူးကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ၎င်းတို့သည် နိုင်ငံတော်အတွက် တစ်ခါက အစွမ်းကုန်ကြိုးပမ်းပေးခဲ့ကြသူများဖြစ်သဖြင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေး အထောက်အပံ့များ ရရှိသင့်ပါသည်။ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအစီအစဉ်များကို တိုးမြှင့်ဖော်ဆောင်ခြင်းဖြင့် မေတ္တာနှင့် ကရုဏာတရား ပြည့်ဝသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် အစိုးရနှင့် ကျန်းမာရေးဌာနများသာမက ပြည်သူတစ်ဦးချင်းစီ၏ ကိုယ်တိုင်ကျန်းမာရေးစောင့်ရှောက်လိုစိတ်နှင့် ပူးပေါင်းပါဝင်မှုသည် အဆုံးအဖြတ်ဖြစ်ပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေးမှစ၍ ပတ်ဝန်းကျင်သန့်ရှင်းရေးအထိ တာဝန်သိစိတ်ဖြင့် လိုက်နာခြင်းသည် ရောဂါဘယကင်းဝေးရေး၏ သော့ချက်ပင် ဖြစ်ပါသည်။ ပြည်သူများ၏ တက်ကြွသော ပူးပေါင်းပါဝင်မှုဖြင့်သာ နိုင်ငံတော်အဆင့် ကျန်းမာရေးရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အဆင့် ပြည်သူ့ကျန်းမာရေးစနစ် ခိုင်မာအားကောင်းစေရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး အသိပညာဗဟုသုတနှင့် ပြည့်စုံမှသာ မိမိတို့၏ ဘဝကို မြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော လူသားရင်းမြစ်များ ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် **"ကျန်းမာသန်စွမ်း လူ့စွမ်းအား၊ မြှင့်တင်ပေးစို့ နိုင်ငံသား"** ဟူသော ရည်မှန်းချက်ကို လက်ကိုင်ထားကာ အားလုံးက ကိုယ်စီတာဝန်သိစိတ်ဖြင့် ကျန်းမာရေးအသိသတိများအတိုင်း လိုက်နာနေထိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ရေးသားအပ်ပါသည်။ ။

### တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/၈လ

# အိုပက်ပလက်စ်(OPEC+)က စက်တင်ဘာလအတွင်း တစ်ရက်လျှင် ရေနံစည် ၁၈၈၀၀၀ တိုးမြှင့်ထုတ်လုပ်မည်

**ဗီယင်နာ ဩဂုတ် ၂**

ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ (OPEC+) အဖွဲ့ဝင် ခုနစ်နိုင်ငံသည် စက်တင်ဘာလအတွင်း တစ်ရက်လျှင် ရေနံစည်ပေါင်း ၁၈၈၀၀၀ အထိ ထုတ်လုပ်မှု တိုးမြှင့်ရန် ဩဂုတ် ၂ ရက်တွင် သဘောတူညီခဲ့ကြကြောင်း အဖွဲ့၏ အွန်လိုင်းအစည်းအဝေးအပြီး ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဆုံးဖြတ်ချက်ကို ဆော်ဒီအာရေဗျ၊ ရုရှား၊ အီရတ်၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်လ်ဂျီးရီးယားနှင့် အိုမန်နိုင်ငံတို့ ပါဝင်တက်ရောက်ခဲ့သည့် အစည်းအဝေးအပြီး ကြေညာခဲ့ခြင်းဖြစ်သည်။ OPEC+ တွင် ရေနံတင်ပို့သည့် နိုင်ငံများအဖွဲ့ (OPEC) ၏ အဖွဲ့ဝင် နိုင်ငံများနှင့် ၎င်းတို့၏ မိတ်ဖက်နိုင်ငံများ ပါဝင်ကြောင်း သိရသည်။

OPEC+ သည် ၂၀၂၃ ခုနှစ် ဧပြီလတွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၆၅ သန်း ထုတ်လုပ်မှု လျှော့ချခြင်းကို ပထမဆုံးကြေညာခဲ့ပြီး ယင်းအစီအစဉ်ကို ၂၀၂၆ ခုနှစ် နှစ်ကုန်အထိ သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

ယခုဆုံးဖြတ်ချက်သည် OPEC+ က ထုတ်လုပ်မှု တိုးမြှင့်သည့် ခြောက်လမြောက်ဆက်တိုက်ဆုံးဖြတ်ချက်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ




# အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပင်လယ်ပြင်၌ သင်္ဘောမီးလောင်မှုကြောင့် ငါးဦးသေဆုံးပြီး ၄၁ ဦးပျောက်ဆုံး

**ဂျကာတာ ဩဂုတ် ၂**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် မာဒူရာကျွန်းမြောက်ဘက် ဂျာဗားပင်လယ်ပြင်တွင် မူတီအာရာ ဆန်တိုဆာ ၂ သင်္ဘော မီးလောင်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ၄၁ ဦး ပျောက်ဆုံးနေကြောင်း အမျိုးသားကယ်ဆယ်ရေးနှင့် ရှာဖွေရေးအေဂျင်စီက ဩဂုတ် ၂ ရက်တွင် ပြောကြားသည်။

သင်္ဘောပေါ်မှ လူ ၂၂၅ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အဆိုပါ အေဂျင်စီက ပြောကြားသည်။ သင်္ဘောပေါ်တွင် ခရီးသည် ၂၃၂ ဦးနှင့် ရေယာဉ်အမှုထမ်း ၃၉ ဦး စုစုပေါင်း ၂၇၁ ဦး လိုက်ပါလာကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် ကမ်းခြေမှ ရေမိုင် ၁၉ မိုင်ခန့်အကွာတွင် မီးလောင်ခဲ့ခြင်းဖြစ်ပြီး ခရီးသည်များသည် သင်္ဘောဦးပိုင်းတွင် ကယ်ဆယ်ရေးသမားများကို စောင့်ဆိုင်းခဲ့ကြသည်။ အနီးနားမှ ဖြတ်သန်းသွားသည့် သင်္ဘောများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသည်။

ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအဖွဲ့များသည် အခြားသင်္ဘောများဖြင့် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေလျက်ရှိပြီး မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကိုလည်း စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



# ပြင်းထန်သည့်အပူချိန်ကို အန်တုရ၍ ဂျပန်၌ ငလျင်ဘေးပြန်လည်ထူထောင်ရေးများလုပ်ဆောင်

**တိုကျို ဩဂုတ် ၂**

အသက်အန္တရာယ်ရှိသည့် ပြင်းထန်သောအပူချိန်ကို အန်တုကာ ဇူလိုင် ၂၈ ရက်က ပြင်းအား ၇ ဒသမ ၁ အဆင့်ဖြင့် ငလျင်လှုပ်ခတ်ခဲ့ရာ ဂျပန်နိုင်ငံ ခူမာမိုတို ခရိုင်တွင် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ပေါက်ကွဲမှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရှော့ပင်းမောလ်တစ်ခု၌ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဩဂုတ် ၁ ရက်တွင် အဆုံးသတ်ခဲ့ကြောင်း ခူမာမိုတိုခရိုင်တာဝန်ရှိသူများက ပြောကြားသည်။ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၃၈ ဦး သေဆုံးခဲ့ကြောင်း အတည်ပြုထားသော်လည်း ၎င်းတို့အနက် နှစ်ဦးမှာ ငလျင်နှင့် ဆက်နွှယ်သော သေဆုံးမှုဟုတ်မဟုတ်ကို ဆက်လက်စိစစ်နေကြောင်း ပြောကြားသည်။

ထို့ပြင် ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်ပေါင်း ၃၈၀၀ ကျော် ပျက်စီးခဲ့ပြီး လူ ၉၂၀၀ ကျော်မှာ ဘေးလွတ်ရာ တိမ်းရှောင်ရေးစခန်းများတွင် ခိုလှုံနေရကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

ခရိုင်တစ်ဝန်း ဩဂုတ် ၂ ရက်တွင် အပူချိန်မြင့်တက်ခဲ့ပြီး မွန်းလွဲ ၂ နာရီအထိ အာဆာဂီရီမြို့၌ အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်ကျော်ရှိခဲ့ကာ ဟိတိုယိုရှီမြို့နှင့် ခူမာမိုတိုမြို့တို့တွင်လည်း အပူချိန် ၃၈ ဒီဂရီဆဲလ်စီးယပ်စ်အထက်ရှိခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အာဖဂန်နစ္စတန်၌ ယမန်နှစ်အတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၄ ဘီလီယံနီးပါးရှိ

**ကဘူးလ် ဩဂုတ် ၂**

ယမန်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၁၁ ဘီလီယံကျော်ရှိခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ဩဂုတ် ၂ ရက်တွင် ပြောကြားသည်။

အဆိုပါ ကုန်သွယ်မှုပမာဏတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂၂ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၇၈ ဘီလီယံ ပါဝင်ကြောင်း သိရသည်။

ယင်းကာလအတွင်း စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အာဖဂန်နစ္စတန်နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍများနှင့် ဒေသတွင်းမိတ်ဖက်များအကြား စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၈၉ ဘီလီယံတန်ဖိုးရှိ နားလည်မှု စာချွန်လွှာများ၊ ကုန်သွယ်ရေးသဘောတူညီချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစာချုပ်များ စုစုပေါင်း ၁၅၀ ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း မူဂျာဟစ်က ပြောကြားသည်။

ဆင်ဟွာ

# ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း အိုမန်နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ပိုမိုမြင့်တက်လာ

**မက်စကတ် ဩဂုတ် ၂**

၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း အိုမန်နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့ကြောင်း စာရင်းအင်းနှင့် သတင်းအချက်အလက် အမျိုးသားစင်တာ၏ ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အိုမန်နိုင်ငံ၏ စုစုပေါင်းရေနံထုတ်လုပ်မှုမှာ ဇွန်လကုန်အထိ ရေနံစည်ပေါင်း ၁၉၈ ဒသမ ၀၁ သန်းအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလတွင် ရေနံစည်ပေါင်း ၁၇၉ ဒသမ ၀၅ သန်း ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ နေ့စဉ်ပျမ်းမျှရေနံထုတ်လုပ်မှုမှာလည်း တစ်ရက်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၀၉ သန်းအထိ တိုးလာခဲ့သည်။

အိုမန်နိုင်ငံ၏ ရေနံစိမ်းပျမ်းမျှဈေးနှုန်းမှာ ၉ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ကာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၉ သို့ ရောက်ရှိခဲ့သည်။ ထို့အပြင် ရေနံစိမ်းတင်ပို့မှုမှာလည်း ၂ ဒသမ ၄ ရာခိုင်နှုန်းတိုးလာကာ ရေနံစည်ပေါင်း ၁၅၅ ဒသမ ၂၂ သန်းအထိ ရှိလာခဲ့သည်။

နိုင်ငံ၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာလည်း ၂၀၂၆ ခုနှစ် ပထမနှစ်ဝက်အတွင်း ပြည်တွင်းထုတ်လုပ်မှုနှင့် တင်ပို့မှုများအပါအဝင် ၂၉ ဒသမ ၅၄ ဘီလီယံကုဗမီတာအထိ ရောက်ရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်ကာလတွင်မူ သဘာဝဓာတ်ငွေ့ ၂၇ ဒသမ ၆၉ ဘီလီယံကုဗမီတာ ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ပီရူး၌ အသေးစားလေယာဉ် ပျက်ကျမှုကြောင့် ၁၃ ဦးသေဆုံး

**လီမာ ဩဂုတ် ၂**

ပီရူးနိုင်ငံတောင်ပိုင်း အီကာဒေသ နာဇ်ကာမြို့မှ ခြောက်ကီလိုမီတာခန့်အကွာ လယ်ယာမြေအတွင်း ဩဂုတ် ၁ ရက်က အသေးစားလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

ကနဦးသတင်းများအရ သေဆုံးသူများတွင် လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူးနှင့် ကမ္ဘာလှည့်ခရီးသည် ၁၁ ဦး ပါဝင်ကြောင်း သိရသည်။ အာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာသို့ရောက်ရှိကာ လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ

# သီရိလင်္ကာ၌ သွေးလွန်တုပ်ကွေးကူးစက်သူ ၈၅၀၀၀ ကျော်နှင့် သေဆုံးသူ ၆၀ ကျော်ရှိခဲ့

**ကိုလံဘို ဩဂုတ် ၂**

သီရိလင်္ကာနိုင်ငံတွင် ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုမှာ ၁၈ ရာခိုင်နှုန်း ကျဆင်းလာကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဌာနက ဩဂုတ် ၂ ရက်တွင် ပြောကြားသည်။ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၆၂ ဦးနှင့် ရောဂါကူးစက်ဖြစ်ပွားသူ ၈၅၃၆၄ ဦးရှိကြောင်း အဆိုပါဌာနက ပြောကြားသည်။

ဂမ်ပါဟာ၊ ကိုလံဘိုနှင့် ကန်ဒီခရိုင်တို့တွင် ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အစိုးရက စာသင်ကျောင်းများ၌ ခြင်နှိမ်နင်းရေး အစီအစဉ်များကို ဆောင်ရွက်ကြရန် သက်ဆိုင်ရာအာဏာပိုင်များထံ ညွှန်ကြားထားကြောင်း သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ ဘော်ဒါဆောင်မီးလောင်သဖြင့် ၁၁ လအရွယ်ကလေးအပါအဝင် ငါးဦးသေဆုံး

**မနီလာ ဩဂုတ် ၂**

ဖိလစ်ပိုင်နိုင်ငံ ကာလိုကန်မြို့ရှိဘော်ဒါဆောင်တစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၁ လအရွယ်ကလေး တစ်ဦးအပါအဝင် လူငါးဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဩဂုတ် ၂ ရက်တွင် ဖော်ပြသည်။

သေဆုံးသူများမှာ မီးလောင်မှုအလျင်အမြန်ပျံ့နှံ့ခဲ့သဖြင့် အဆောက်အအုံအတွင်း ပိတ်မိကာ ထွက်ပြေးလွတ်မြောက်နိုင်ခြင်း မရှိခဲ့သောကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း မီးဘေးကာကွယ်ရေးဗျူရိုက ပြောကြားသည်။

မီးလောင်မှုကြောင့် တိုက်ခန်းအတွင်း နေထိုင်သည့် မိသားစုခြောက်စုမှ လူ ၁၅ ဦး ထိခိုက်ခဲ့ရကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဆင်ဟွာ

## ၂၀၂၆ ခုနှစ် ဩဂုတ်လ (ပထမ) ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် သုံးပေခန့်နှင့် မဒေါက်မြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် နှစ်ပေခန့်နှင့် ပဲခူးမြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် လေးပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

## ၂၀၂၆ ခုနှစ် ဩဂုတ်လ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် ၇၀ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၀ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၅ မီလီမီတာမှ ၂၆ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၇ မီလီမီတာမှ ၃၈ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၃၉ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးတွင်(စိုစွတ်)အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

## ပဲခူးမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

ပဲခူး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က ကလိကျေးရွာ ကံသာဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုရဲမှူး နေမျိုးထွန်း၊ ခရိုင်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် လက်ထောက်မန်နေဂျာ ဒေါ်ဇင်မွန်အောင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခိုင်စံပယ်မြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းသိမ်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်ဆွေတို့က ဆွေးနွေးပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများ ကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှုများ ပိုမိုလွယ်ကူမြန်ဆန်လာစေရေး၊ ကျေးရွာစာသင်ကျောင်းများ၌ သင်ကြားပေးမည့် ဆရာ ဆရာမ အင်အားများ ပိုမိုခန့်ထားပေးနိုင်ရေး၊ ကျေးရွာအတွင်းရှိ စာသင်ကျောင်းဆောင်များကို ကျောင်းသားအင်အားလုံလောက်စွာ သင်ကြားနိုင်ရန် တိုးချဲ့ပေးနိုင်ရေး၊ ကျေးရွာအတွင်း လူနေအိမ်ခြေများ တိုးပွားလာမှုကြောင့် အိမ်သုံးလျှပ်စစ်မီတာ ဓာတ်အားလိုအပ်ချက်များ ပြည့်မီစွာ သုံးစွဲနိုင်ရေး စသည့် ပြည်သူလူထု၏ လိုအပ်ချက်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ခရိုင်(ပြန်/ဆက်)



## မိတ္ထီလာမြို့နယ်၌ ထရန်စဖော်မာများကြံ့ခိုင်ရေး ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း လျှပ်စစ်ဖြန့်ဖြူးပေးနေသော ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ ကြံ့ခိုင်ရေးအတွက် ဇူလိုင် ၂၇ ရက်တွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံး လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဖြန့်ဖြူးပေးနေသော ၁၁/၀.၄ကေဗွီ ထရန်စဖော်မာများ၏ ဝန်အားအခြေအနေတိုင်းတာခြင်း၊ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း ၊ EARTHING များ စစ်ဆေးခြင်း၊ ထရန်စဖော်ဝင်းခြံသန့်ရှင်းရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၃)

## စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးပညာ အဝေးသင် သင်တန်းများ

**ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍများ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲ သင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်င ဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ (Australian Agricultural Research and Education) ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။**

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ် - ငြိမ်း)

စိုက်ပျိုးရေး မွေးမြူရေးပညာသည် ဖွံ့ဖြိုးပြီးသည့်နိုင်ငံများဖြစ်ကြသောအမေရိကန်၊ဩစတြေးလျတို့သာမက မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအများစုတွင် အဓိကဘာသာရပ်ကြီးအဖြစ် လေ့လာ၊ သုတေသနပြုလုပ်လျက်ရှိနေသော အရေးကြီးဘာသာရပ်ကြီးဖြစ်ပါသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ထိုင်း စသည့်နိုင်ငံတို့တွင်လည်း ပြည်နယ် တိုင်းလောက်နီးနီး စိုက်ပျိုးရေး၊ မွေးမြူရေးပညာအထူးပြုသင်ကြားပေးသော တက္ကသိုလ်များစွာ တည်ထောင်ဖွင့်လှစ်လျက်ရှိပါသည်။

ထို့ပြင် တချို့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘာသာရပ်များကို လူကိုယ်တိုင်တက္ကသိုလ် ကောလိပ်သို့ လာရောက်သင်ကြားနိုင်ရုံသာမက နိုင်ငံအတွင်း ဝေးလံခေါင်ဖျားဒေသများတွင် အကြောင်းအမျိုးမျိုးကြောင့် အလုပ်လုပ်နေရသူများအတွက်လည်း အဝေးမှ ဒီပလိုမာ၊ ဒီဂရီအစီအစဉ်များဖြင့် တစ်ပြိုင်နက် ပို့ချ၊ သင်ယူလျက်ရှိနေပါသည်။

ထိုအထဲမှ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးပညာ (Agribusiness Subject) ကို အဝေးသင်စနစ်ဖြင့် သင်ကြား၊ သင်ယူနေပုံကို ရေးသားဆွေးနွေးပါမည်။

### ဩစတြေးလျနိုင်ငံ နယူးအင်္ဂလန်တက္ကသိုလ် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဒီပလိုမာပညာ

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် အာမီဒေးမြို့ နယူးအင်္ဂလန်တက္ကသိုလ်၌ ဖွင့်လှစ်ထားသော ဤဒီပလိုမာ အဝေးသင်သင်တန်းကို ပြည်တွင်း ပြည်ပမှ ကျောင်းသား ကျောင်းသူများ အချိန်ပြည့် တက်ရောက်မည်ဆိုလျှင် တစ်နှစ်ခြောက်လ ကြာမြင့်နိုင်ပြီး အလုပ်တစ်ဖက်ဖြင့်/ အလုပ်လုပ်ကိုင်ရင်း အချိန်ပိုင်းတက်ရောက်ပါက ခြောက်နှစ်ကြာသည်အထိ သတ်မှတ်ခရက်ဒစ်ယူနစ်ပြည့်အောင် အေးအေးဆေးဆေး တက်ရောက်သင်ယူနိုင်ပါသည်။

အောက်ဖော်ပြပါ ဘာသာရပ်များကို မယူမနေရဘာသာအဖြစ် ခရက်ဒစ်ယူနစ် ၃၀ သင်ယူရပါသည်။

(၁) အခြေခံစိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးပညာ (AGB–123 Agribusiness: Issues and Principles) 6 credit points

(၂) အခြေခံစိုက်ပျိုးမွေးမြူရေးသဘောတရားများ (AGFN–100 Fundamental of Agriculture) 6 credit points

(၃) ရေရှည်တည်တံ့ခိုင်မြဲသောစိုက်ပျိုးမွေးမြူရေးစနစ်များ (AGSY–102 Sustainable Agricultural Systems II) 6 credit points

(၄) တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းငယ်များ ဈေးကွက်၊ တန်ဖိုး၊ ပြိုင်ဆိုင်မှုကို နားလည်ခြင်း (ECON–101 Microeconomics I: Understanding Markets, Prices and Competition) 6 credit points

(၅) စီးပွားရေးဆိုင်ရာစာရင်းအင်းပညာ (QM–161 Business Statistics) 6 credit points

စသည်တို့ကို ကျောင်းသား ကျောင်းသူအားလုံး သင်ယူရပါမည်။

ပြီးလျှင် အောက်ဖော်ပြပါ ဘာသာရပ်များမှ စိတ်ကြိုက်သုံးဘာသာ (၁၈ ခရက်ဒစ်ယူနစ်) သင်ယူရပါမည်။

(၆) လယ်ယာနှင့်အရင်းအမြစ်များ စီမံခန့်ခွဲမှုပညာ (AGB–202 Farm and Resource Management) 6 credit points

(၇) ကမ္ဘာ့စီးပွားရေးလည်ပတ်မှုနှင့် နိုင်ငံတကာကုန်သွယ်ရေး (ECON–102 Macroeconomics I: Business Cycles and Global Trade) 6 credit points

(၈) ကမ္ဘာ့စီးပွားရေးဆိုင်ရာအတက်အကျနှင့် မူဝါဒများ (ECON–202 Macroeconomics II: Fluctuations and Policy) 6 credit points

> **“ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး (Agribusiness) ဘာသာရပ်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အဝေးမှ လက်မှတ်ရသင်တန်း စတင်ဖွင့်လှစ်သင်ကြားလျက်ရှိနေပါသည်။ ထိုသင်တန်းမှသည် တစ်ဆင့်တက်ပြီး ဒီပလိုမာလက်မှတ်ရသင်တန်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးပညာ အဝေးရောက်ဘွဲ့အထိ ပေးအပ်နိုင်အောင် စီစဉ်လျက်ရှိ ”**

(၉) အခြေခံရောင်းဝယ်ဖောက်ကားခြင်း ပညာ (MM–110 Fundamental of Marketing) 6 credit points

(၁၀) စီးပွားရေးဆိုင်ရာစိစစ်၊ သရုပ်ခွဲမှုမိတ်ဆက် (QM–162 Introduction to Business Analytics) 6 credit points

(၁၁) စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်ချခြင်း (QM–265 Business Decision Making) 6 credit points

စသည်တို့ဖြစ်ပါသည်။ စုစုပေါင်း ၄၈ ခရက်ဒစ်ယူနစ် ယူရပါမည်။

ဤသင်တန်းများကိုတက်ရောက်ခြင်းဖြင့်–

**(က) ဘာသာရပ်ဆိုင်ရာ အသိပညာ**

ဤဘာသာရပ်ဆိုင်ရာ လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ဒီဂရီရရှိသူများသည် စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးဆိုင်ရာ အသိပညာများကို ဘက်စုံသုံးချဉ်းကပ်မှုဖြင့် တိုးတက်စေပါသည်။ ဒေသဆိုင်ရာ၊ နိုင်ငံအလိုက်နှင့် နိုင်ငံတကာအခြေအနေများတွင် စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများကို အသုံးပြုခြင်းနှင့် အသုံးချခြင်းကို အလေးပေးထားပါသည်။

စဉ်ဆက်မပြတ် ပြောင်းလဲနေသော စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် နိုင်ငံရေးပတ်ဝန်းကျင်များတွင် စိုက်ပျိုးမွေးမြူရေး၊ စီးပွားရေးနှင့် ဆက်စပ်လုပ်ငန်းများ ရင်ဆိုင်နေရသော ကိစ္စရပ်များကို နားလည်ရန် ကမ္ဘာ့ရှုထောင့်မှ ကြည့်ရှုမှုသည် အရေးကြီးပါသည်။ ဤအယူအဆများကို ဟောပြောပွဲများ၊ သင်ခန်းစာများ၊ စာကြည့်တိုက်ကို အသုံးချခြင်း၊ စာဖတ်ခြင်းများနှင့် အွန်လိုင်းလှုပ်ရှားမှုများမှတစ်ဆင့် သင်ကြားပေးမည် ဖြစ်ပါသည်။ အသိပညာကို စာတမ်းများ၊ စာမေးပွဲများနှင့် အစီရင်ခံစာ ရေးသားခြင်းကဲ့သို့သော အကဲဖြတ်မှုပုံစံအမျိုးမျိုးဖြင့် အကဲဖြတ်မည်ဖြစ်ပါသည်။

**( ခ ) အချင်းချင်းဆက်သွယ်ရေးဆိုင်ရာစွမ်းရည်**

ဤဘာသာရပ်သင်ကြားမှုများတွင် သင့်လျော်သော နည်းလမ်းများကို အသုံးပြု၍ သက်ဆိုင်သူ ကျေးလက်ဒေသရှိလူအမျိုးမျိုး၊ ပညာရှင်နှင့်တောင်သူဦးကြီးများ၊ လူပေါင်းစုံထံသို့ ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်ရန် သင်ကြားပေးပါသည်။ ဤဆက်သွယ်ရေးစွမ်းရည်များကို စာဖြင့်ရေးသားသည့် လုပ်ငန်းတာဝန်များနှင့် ဆွေးနွေးမှုများ အပါအဝင် လုပ်ဆောင်ချက်များစွာတွင် ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်သင်ကြားပြီး အကဲဖြတ်ပေးမည် ဖြစ်ပါသည်။

**( ဂ ) လယ်ယာလုပ်ငန်းပြဿနာ ဖြေရှင်းခြင်းဆိုင်ရာစွမ်းရည်**

ဤဘာသာရပ်သင် ကျောင်းသား ကျောင်းသူများသည် အသိပညာနှင့် သတင်းအချက်အလက် တတ်မြောက်မှုစွမ်းရည် (Information Literacy Skills)တို့ကို ပေါင်းစပ်ကာ လက်တွေ့ကမ္ဘာ့လယ်ယာ၊ နိုင်ငံလယ်ယာပြဿနာများအတွက် ဖြေရှင်းနည်းစွမ်းရည်များကို အသုံးချနိုင်စွမ်း တိုးတက်စေပါမည်။ ပြဿနာများကို ဖော်ထုတ်သိရှိရန်နှင့် ဖြေရှင်းချက်များ ချမှတ်ရန် သင်ကြားပေးမည်ဖြစ်သည်။

**(ဃ) လယ်ယာသတင်းအချက်အလက် တတ်မြောက်မှု**

ဤပညာရပ်သင် ကျောင်းသား ကျောင်းသူများက စာဖြင့်ရေးသားသည့် လုပ်ငန်းတာဝန်များနှင့် အခြားသော အကဲဖြတ်မှုလုပ်ငန်းများအတွက် သတင်းအချက်အလက်နှင့် အချက်အလက်များကို ရယူရန် မီဒီယာပုံစံအမျိုးမျိုးကို အသုံးပြုမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် ဤသင်တန်းအတွင်း အခြေအနေအမျိုးမျိုးတွင် သင့်လျော်သော သတင်းအချက်အလက်နှင့် အခြားအချက်အလက်များကို အသုံးပြုခြင်း၊ ဆန်းစစ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အနက်ဖွင့်ဆိုခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

**( င ) လယ်ယာလုပ်ငန်းများ ကျင့်ဝတ်ဆိုင်ရာ အပြုအမူနှင့် လူမှုရေးတာဝန်ယူမှု**

စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများအား လူမှုရေးတာဝန်ယူမှုကို သင်ကြားပေးသည်။ ကျောင်းသား ကျောင်းသူများသည် အခြားသူများ၏ ရှုထောင့်နှင့် အတွေးအမြင်များကို အသိအမှတ်ပြုလေးစားခြင်း၊ ကျင့်ဝတ်အရ ပြုမူခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှု၏ အရေးပါမှုကို တန်ဖိုးထားနိုင်မည်ဖြစ်သည်။

**(စ) စိုက်ပျိုးမွေးမြူရေးပညာရပ်အား တစ်သက်တာ သင်ယူနိုင်မှု**

တစ်သက်တာသင်ယူမှုစွမ်းရည်များကို ဤဘွဲ့ဒီဂရီရှိ အကဲဖြတ်မှုလုပ်ငန်းများတွင် သင်ကြားပြီး လေ့ကျင့်ပေးသည်။ ဤသင်တန်းတွင် ရရှိသော အသိပညာ၊ သတင်းအချက်အလက် တတ်မြောက်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်များသည် ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးရေးနှင့် စီးပွားရေးနှင့် သက်ဆိုင်သော ဒေသဆိုင်ရာ၊ နိုင်ငံအလိုက်နှင့် နိုင်ငံတကာကိစ္စရပ်များကို နားလည်ရန်၊ အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် အကဲဖြတ်ရန် အဆင်သင့်ဖြစ်စေပါသည်။

**(ဆ) တောင်သူများအား လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှု**

ကျောင်းသား ကျောင်းသူများသည် ဘုံရည်မှန်းချက်များ အောင်မြင်ရန်၊ ပြဿနာများကို ဖြေရှင်းရန်၊ အထူးပြုအသိပညာများ ပံ့ပိုးရန်နှင့် အဖွဲ့၏စွမ်းဆောင်ရည်ကို အထောက်အကူပြုရန်အတွက် ဘက်စုံပညာရပ်ဆိုင်ရာ အဖွဲ့တစ်ခုအတွင်း လွတ်လပ်စွာနှင့် ပူးပေါင်း၍ လုပ်ဆောင်ခဲ့ကြရမည်ဖြစ်သည်။

**စာရေးသူ၏ အတွေး**

စာရေးသူတို့အဖွဲ့နှင့် သံလျင်သမဝါယမတက္ကသိုလ်တို့ ပူးပေါင်း၍ နိုင်ငံတော်အတွက် စိုက်ပျိုး၊ မွေးမြူရေးပညာရှင် များစွာလိုအပ်ချက်များထဲမှ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး (Agribusiness) ဘာသာရပ်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အဝေးမှ လက်မှတ်ရသင်တန်း စတင်ဖွင့်လှစ် သင်ကြားလျက်ရှိနေပါသည်။ ထိုသင်တန်းမှသည် တစ်ဆင့်တက်ပြီး ဒီပလိုမာလက်မှတ်ရသင်တန်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးပညာ အဝေးရောက်ဘွဲ့အထိ ပေးအပ်နိုင်အောင် စီစဉ်လျက်ရှိပါသည်။

စာရေးသူတို့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အစိုးရက ကြီးကြပ်ဖွင့်လှစ်ထားသော စိုက်ပျိုးမွေးမြူရေ တက္ကသိုလ် သုံးခု၏ ကျောင်းသား ကျောင်းသူ နှစ်စဉ် လက်ခံနိုင်စွမ်း ၇၀၀၊ ၈၀၀ ခန့်သည် **ထိုင်းနိုင်ငံ ကဆက်ဆပ်တက္ကသိုလ် ကင်ပင်ဆန်နယ်မြေတစ်ခုတည်း (Kamphaeng Saen Campus, Kasetsart University, Thailand) စိုက်ပျိုးမွေးမြူရေးပညာအထူးပြု တစ်နှစ်လက်ခံနိုင်စွမ်းရည် ၁၀၀၀ – ၁၅၀၀ ထက်ပင် နည်းပါးနေသည်ကို သတိပြုမိပါသည်။** ထိုစိုက်ပျိုးမွေးမြူရေး ဘွဲ့ရပညာရှင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်း၊ အစိုးရ၊ ပုဂ္ဂလိကပူးတွဲကဏ္ဍမှ ဖြည့်ဆည်းပေးလိုသည့် ဆန္ဒပဲ ရှိနေပါသည်။

ဤအွန်လိုင်း၊ အဝေးသင်သင်တန်းများက လူကိုယ်တိုင် ဆရာ၊ ကျောင်းသားထိတွေ့မှု၊ လက်တွေ့လုပ်ဆောင်မှုလောက် ရာနှုန်းပြည့် မစွမ်းဆောင်နိုင်သည်ကို သိရှိပါသည်။

သို့ရာတွင် အထက်ပါတက္ကသိုလ်များသို့ အကြောင်းအမျိုးမျိုး (ဥပမာ – တက္ကသိုလ်ဝင်တန်း သင်တန်းစာမေးပွဲ အမှတ်နည်း၊ ငွေကြေးမလုံလောက်မှု) တို့ကြောင့် မတက်ရောက်နိုင်သော မြန်မာနိုင်ငံ ဝေးလံခေါင်ဖျားအရပ်ဒေသများ၊ တိုင်းရင်းသားပြည်နယ်များမှ ကျေးလက်ဒေသနေ လူငယ်များအပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ပတ်သက်နေကြရသော ကျား၊ မ၊ အသက်အရွယ်၊ ပညာအရည်အချင်း အမျိုးမျိုးရှိသော ပြည်သူလူထုကြီးအားလုံးအတွက် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ ဗဟုသုတများစွာ ရရှိနိုင်စေရန် ရည်ရွယ်ပါသည်။

**မှီငြမ်းစာတမ်းများ**

https:// www.une.edu.au / study / courses/ diploma–in–agribusiness? international=true

https://www.open.edu.au/degrees/diploma–of–agribusiness–university–of–tasmania–tas–agb–dip

ဘောလုံးလောကမှာ ခြေစွမ်းပြသထားနိုင်တဲ့ အခိုက်အတန့်ကာလတစ်ခုကို အတိုင်းအတာတစ်ခုအထိ ဆက်လက်ထိန်းထားနိုင်တဲ့ ကစားသမားကို ကမ္ဘာ့အဆင့်ထိပ်တန်းကစားသမားအဖြစ် သတ်မှတ်ကြတာ အထူးအဆန်းတော့ မဟုတ်ပါဘူး။ အဲဒီလို ထိပ်တန်းနေရာမှာ ရေရှည်ရပ်တည်နိုင်ဖို့ဆိုတာ ပါရမီတစ်ခုတည်းရှိရုံနဲ့ မလုံလောက်ဘဲ ထူးခြားတဲ့ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စနစ်ကျတဲ့ နေထိုင်မှုပုံစံနဲ့ အစဉ်တစိုက်ကြိုးပမ်းအားထုတ်မှုတွေ ပေါင်းစပ်နိုင်မှသာ ဖြစ်နိုင်တာပါ။

# ဘာနေဗျူးမှာ ကြယ်တစ်ပွင့်အဖြစ် လင်းလက်နေဦးမယ့် ဘယ်လင်ဂမ်

ကမ္ဘာတစ်ဝန်းမှာ ဘောလုံးကစားသမားပေါင်း မြောက်မြားစွာရှိပြီး ထိပ်ဆုံးရောက်ဖို့ နေ့ညမပြတ် ကြိုးစားနေကြပေမယ်လို့ ရာသီအလိုက်၊ နှစ်အလိုက် ခြေစွမ်းကောင်းတွေကို ထိန်းထားနိုင်ဖို့ဆိုတာ သာမန်ထက် ထူးကဲတဲ့ ကြိုးစားအားထုတ်မှုရှိမှသာ ဖြစ်လာနိုင်တာပါ။ အဲ့ဒီလိုအချက်အလက်တွေနဲ့ ပြည့်စုံပြီး လက်ရှိ ရီးရဲမက်ဒရစ်အသင်းမှာသာမက အင်္ဂလန်အသင်းနဲ့အတူ ယခုနှစ်ကမ္ဘာ့ဖလားစင်မြင့်ထက်မှာပါ ထွန်းလင်းတောက်ပခဲ့တဲ့ လူငယ်ကြယ်ပွင့်ကစားသမားတစ်ဦးရှိပါတယ်။ သူကတော့ တခြားသူ မဟုတ်ပါဘူး။ ကွင်းလယ်ကစားသမား ဂျူဒ်ဘယ်လင်ဂမ်ပဲ ဖြစ်ပါတယ်။

### ဆုဖလားအလီလီ သိမ်းပိုက်ထား

အသက် ၂၃ နှစ်သာရှိသေးတဲ့ ဘယ်လင်ဂမ်က ကစားသမားဘဝ စတင်ခဲ့တဲ့ ဘာမင်ဂမ်အသင်းကနေ လက်ရှိအချိန်အထိ သူ့ရဲ့ထူးခြားတဲ့ စွမ်းဆောင်ရည်ကောင်းတွေကြောင့် အောင်မြင်မှုဝေစည် ဆုဖလားအလီလီ သိမ်းပိုက်ထားနိုင်သူ ဖြစ်ပါတယ်။ ဒါ့အပြင် ဘယ်လင်ဂမ်ဟာ သူရောက်ရှိတဲ့ အသင်းတိုင်း၊ နေရာတိုင်းမှာ အသင်းလိုက်အောင်မြင်မှုတွေအပြင် တစ်ဦးချင်း စွမ်းဆောင်ရည်ဆုတွေကိုပါ ရယူနိုင်စွမ်းရှိတဲ့သူလည်း ဖြစ်ပါတယ်။



ဘယ်လင်ဂမ်က အသက်ငယ်ရွယ်ပေမယ့် သူ့ရဲ့ကစားဟန်က ဆယ်စုနှစ်များစွာ အတွေ့အကြုံရှိတဲ့ ဝါရင့်သမ္ဘာရင့် ကစားသမားကြီးတစ်ဦးလို တည်ငြိမ်ပြီး ခက်ခဲတဲ့ စိန်ခေါ်မှုတွေ၊ ဖိအားဒဏ်တွေကို ရင်ဆိုင်ကျော်လွှားနိုင်တယ်။

ဘယ်လင်ဂမ်က ၂၀၂၃-၂၀၂၄ ရာသီမှာ ဒေါ့မွန်ကနေ ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့လာခဲ့တယ်။ ရီးရဲမက်ဒရစ်ကို စရောက်ရောက်ချင်းရာသီမှာပင် ဆုဖလားတွေအပြင် တစ်ဦးချင်းထူးချွန်ဆုတွေ အများအပြား ဆွတ်ခူးထားနိုင်တဲ့အထိ ထူးခြားတဲ့ ခြေစွမ်းပြသထားနိုင်ပါတယ်။

ပြောရမယ်ဆိုရင် ကမ္ဘာ့အကောင်းဆုံးနဲ့ ဖိအားအများဆုံးလို့ သတ်မှတ်ခံထားရတဲ့ ရီးရဲမက်ဒရစ်အသင်းရဲ့ အဖြူရောင်ဂျာစီကို ဝတ်ဆင်ရချိန်မှာ ဂန္ထဝင်ကစားသမား ဇီဒန်းရဲ့ နံပါတ် (၅) ဂျာစီကို ရွေးချယ်ခဲ့တယ်။ ဖိအားဆိုတာ အားနည်းတဲ့သူတွေအတွက် ကျိုးပဲ့ပျက်စီးလွယ်နိုင်ပေမယ့် ခံနိုင်ရည်ရှိသူတွေအတွက် ပိုမိုတောက်ပြောင်လာစေမယ့် စိန်တုံးဖြစ်လာစေဖို့ သွေးပေးတဲ့ ကျောက်ပြင်တစ်ခုသာ ဖြစ်တယ်ဆိုတာကို ဘယ်လင်ဂမ်က သက်သေ ထူပြထားနိုင်တယ်။

**ရိုဒရီ၊ ယာမဲလ်တို့လို တခြားကစားသမားတွေက ကဏ္ဍတစ်ခုချင်းစီမှာ ထိပ်တန်းအဆင့်ရှိကြသလို ဘယ်လင်ဂမ်ကတော့ စွယ်စုံရကစားသမားတစ်ဦးဖြစ်ပြီး ဘက်စုံထောင့်စုံက အသင်းရဲ့ လိုအပ်ချက်ကို ပံ့ပိုးပေးနိုင်တယ်။**

### နေရာစုံလိုက်ပါကစားနိုင်

အမ်ဘာပေ၊ ဗီနီစီးယပ်စ်တို့က တစ်ကိုယ်တော်အမြန်နှုန်းအပြင် အဆုံးသတ်သေချာမှုနဲ့ ပွဲကို အဆုံးအဖြတ်ပေးနိုင်ကြသော်ငြား တိုက်စစ်နဲ့ တောင်ပံတိုက်စစ်နေရာမှာပဲ ခြေစွမ်းပြလေ့ရှိတယ်။ ဘယ်လင်ဂမ်က ဇဟိုကွင်းလယ်၊ ကွင်းလယ်တိုက်စစ်၊ နောက်ချန်တိုက်စစ်ပုံစံအထိ နေရာစုံလိုက်ပါကစားပြီး သွင်းဂိုးတွေရအောင် ဖန်တီးနိုင်တယ်၊ ကိုယ်တိုင်လည်း ဂိုးတွေသွင်းယူနိုင်တယ်။ ရိုဒရီ၊ ယာမဲလ်တို့လို တခြားကစားသမားတွေကလည်း ကဏ္ဍတစ်ခုချင်းစီမှာ ထိပ်တန်းအဆင့်ရှိကြသလို ဘယ်လင်ဂမ်ကတော့ စွယ်စုံရကစားသမားတစ်ဦးဖြစ်ပြီး ဘက်စုံထောင့်စုံက အသင်းရဲ့ လိုအပ်ချက်ကို ပံ့ပိုးပေးနိုင်တယ်။ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာ ရှစ်ပွဲကစားပြီး သွင်းဂိုး ခုနစ်ဂိုးနဲ့ ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ထားနိုင်တဲ့အထိ အသင်းကို ကူညီပေးထားနိုင်တယ်။

နေရာလွတ်တွေကို စောင့်ကြည့်ပြီး ပြိုင်ဘက်ကစားသမားတွေကို ဖောက်ထွက်နိုင်တဲ့ ဘောလုံးပေးပို့မှုတွေနဲ့ အသင်းရဲ့ တိုက်စစ်လမ်းကြောင်းမှန်သမျှ သူ့ရဲ့ခြေဖျားကနေ စတင်လေ့ရှိတဲ့အထိ ဘယ်လင်ဂမ်ဟာ အရေးပါတဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေပါပြီ။ အသက် ၂၀ ကျော်ကစားသမားတစ်ဦးရဲ့ပုံစံမျိုးမဟုတ်ဘဲ ဆယ်စုနှစ်ချီ အတွေ့အကြုံရှိပြီး ရင့်ကျက်တည်ငြိမ်မှုနဲ့အတူ ပြိုင်ဘက်အသင်းရဲ့ ဖိအားပေးခံနေရချိန်၊ အသင်းဖော်တွေ စိတ်ဓာတ်ကျနေချိန်နဲ့ ပရိသတ်တွေ မျှော်လင့်ချက်ပျက်သုဉ်းလုနီးဖြစ်နေချိန်တိုင်းမှာ သူ့ရဲကောင်းသဖွယ် ဂိုးတွေသွင်းယူပြီး အသင်းကို အကြိမ်ကြိမ် ကယ်တင်ပေးနေသူလည်း ဖြစ်လို့နေပါပြီ။

### ထိန်းကျောင်းတည့်မတ်ပေးဖို့ လိုအပ်

ဖလားဆွတ်ခူးသိမ်းပိုက်နိုင်တဲ့ ထိပ်တန်းဘောလုံးအသင်းတစ်သင်းဖြစ်လာဖို့ဆိုတာ ကစားသမား တစ်ဦးချင်းစီမှာ ကွင်းအတွင်း အဆုံးအဖြတ်ပေးနိုင်တဲ့ ဘောလုံးကျွမ်းကျင်မှု၊ ပြိုင်ဘက်ကို အနိုင်ရလိုတဲ့ စိတ်ဓာတ်ပြင်းထန်မှု၊ တစ်ကိုယ်ကောင်းဆန်မှုထက် အသင်း နိုင်ပွဲရရေးကို ဦးစားပေးတဲ့ စတေးခံစိတ်ဓာတ်ရှိဖို့လိုအပ်တဲ့အပြင် နည်းပြတစ်ဦးရဲ့ အရည်အချင်းလည်း လိုအပ်ပြီး ကစားသမားတွေကို နည်းစနစ်ကျကျလေ့ကျင့်ပေးနိုင်ရုံနဲ့ မလုံလောက်ဘဲ ကစားသမားတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကိုကြည့်ပြီး အသင်းနဲ့ အံဝင်ခွင်ကျဖြစ်မယ့် ကစားကွက်ကို ပုံဖော်ပေးနိုင်ဖို့ လိုပါတယ်။ အသင်းကြီးတွေနဲ့ ကစားရပြီး ဖိအားများတဲ့အချိန်တွေမှာလည်း ကစားသမားတွေ တည်ငြိမ်မှုရှိအောင်၊ ယုံကြည်မှု မပျောက်အောင် ထိန်းကျောင်းတည့်မတ်ပေးဖို့ လိုအပ်ပါတယ်။

### စိတ်လှုပ်ရှားစရာတွေနဲ့ ပြည့်နှက်နေ

ရီးရဲမက်ဒရစ်နည်းပြသစ် မော်ရင်ဟိုက ယခုအပြောင်းအရွှေ့ကာလမှာ ဒမ်ဖရိုင်းစ်၊ ကားလို့စ်အက်စပီတို့ကို ခေါ်ယူအားဖြည့်ထားတယ်။ အောင်ပွဲတစ်ခဲနက်၊ ဆုဖလားတလက်လက်နဲ့အတူ အောင်လံလွှင့်ထူမယ့် ရီးရဲမက်ဒရစ်ရဲ့ ရာသီသစ်၊ ခရီးစဉ်သစ်က ပြောင်းလဲမှုတွေ၊ အားဖြည့်မှုတွေနဲ့ ရာသီသစ်မစတင်ကတည်းက စိတ်လှုပ်ရှားစရာတွေနဲ့ ပြည့်နှက်နေပါပြီ။

မည်သို့ပင်ဆိုစေ နေရာမှန်မှာ အချိန်ကိုက် ပွင့်လန်းနေတဲ့ ပန်းကောင်းတစ်ပွင့်လိုပဲ ဘယ်လင်ဂမ်ရဲ့ ဖြစ်တည်မှုနဲ့ခြေစွမ်းကတောင်းဆုတစ်ခုပြည့်ဝလာသလားဆိုတာအထိ ထင်မှားစရာကောင်းလောက်အောင် ပြည့်စုံနေတာကြောင့် နည်းပြသစ် မော်ရင်ဟိုလက်ထက်မှာ သာလွန်တဲ့ ခြေစွမ်းတွေ အားကောင်းတဲ့ အရှိန်အဟုန်တွေနဲ့ လာမယ့်ပွဲစဉ်တွေ၊ လာမယ့်ရာသီတွေမှာ ဆက်လက်ထွန်းလင်းတောက်ပနေဦးမလားဆိုတာကတော့ ရင်ခုန်စိတ်လှုပ်ရှားဖွယ် စောင့်ကြည့်သွားရမယ်ဆိုတာ။ ။

## ဘာစီလိုနာက လူငယ်တိုက်စစ်ကစားသမား ဘီဆီဝူကို ခေါ်ယူ



ဘာစီလိုနာအသင်းသည် ဘယ်လ်ဂျီယံကလပ် ကလပ်ဘရုဂေး အသင်းမှ တိုက်စစ်ကစားသမား ဂျက်ဆီဘီဆီဝူကို ပြောင်းရွှေ့ကြေး ယူရို ၈ ဒသမ ၅ သန်း ဝန်းကျင်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။ အသက် ၁၈ နှစ်အရွယ် အဆိုပါ ကစားသမားကို ဘာစီလိုနာကစားသမားအဖြစ် မကြာမီတွင် တရားဝင်မိတ်ဆက်သွားမည် ဖြစ်သည်။

၎င်းသည် ဘာစီလိုနာအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ပြီး ရာသီအကြိုပွဲစဉ်များတွင် အသင်းကြီးနှင့် ပူးပေါင်းသွားမည် ဖြစ်သည်။ သို့သော်လည်း ၎င်း၏ စွမ်းဆောင်ရည်အပေါ် မူတည်ပြီး အသင်းကြီးတွင် ဆက်လက်ထားရှိမည်ဆိုသည်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း အီဂျစ်မှ အသက် ၁၈ နှစ်အရွယ် ဟမ်ဇာအက်ဒယ်ကာရင်ကို အမြဲတမ်း ခေါ်ယူစာချုပ်ပြီးနောက် အဆိုပါ ကစားသမား ခေါ်ယူမှု ထွက်ပေါ်လာခြင်း ဖြစ်သည်။

## ရီးရဲမက်ဒရစ်က တိုက်စစ်ကစားသမား အက်စပီကို ခေါ်ယူ



ရီးရဲမက်ဒရစ်အသင်းသည် လီဗန်တေးအသင်းမှ တိုက်စစ်ကစားသမား ကားလို့စ်အက်စပီကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်း ဝန်းကျင်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် အဆိုပါ လူငယ်တိုက်စစ်ကစားသမားသည် လီဗန်တေးအသင်းတွင် သုံးရာသီကြာ ဖြတ်သန်းထားပြီး ၆၆ ပွဲတွင် ဂိုး ၂၀ သွင်းယူထားသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် လီဗန်တေးအသင်းအတွက် ၂၇ ပွဲတွင် ၁၃ ဂိုးသွင်းယူပေးထားသည်။

ဇူလိုင် ၂၄ ရက်တွင် အသက် ၂၁ နှစ်ပြည့်ခဲ့သော အက်စပီကို ဗီလာရီးရဲအသင်းအပြင် ပရီမီယာလိဂ်ကလပ် အသင်းအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ကစားသမားကိုယ်တိုင်က ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူခဲ့ခြင်း ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် အက်စပီရောက်ရှိလာမှုကြောင့် အသင်းမှ ဂွန်ဇာလိုဂါစီယာကို ဖူလ်ဟမ် အသင်းသို့ ရောင်းချသွားဖွယ်ရှိသည်။

## မူဘာဒါလာဒီစီအိုးပင်းဗိုလ်လုပွဲ ပဲဂူလာ တက်ရောက်



အမေရိကန်နာမည်ကြီးတင်းနစ်မယ် ဂျက်ဆီကာပဲဂူလာသည် မူဘာဒါလာဒီစီအိုးပင်း ဆီမီးဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် ဒိုင်ယာနာ ရှနိုက်ဒါကို ၇-၅၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်းသည် ဇွန်လက ကျင်းပခဲ့သည့် ဘာလင်အိုးပင်းပြိုင်ပွဲတွင်လည်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းထားသူ ဖြစ်သည်။ ၎င်းသည် မူဘာဒါလာဒီစီအိုးပင်းဗိုလ်လုပွဲတွင် ဖိလစ်ပိုင်တင်းနစ်မယ် အယ်လာနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ အယ်လာသည် ဆီမီးဖိုင်နယ်တွင် ဂျပန်တင်းနစ်မယ် အိုဆာကာကို အနိုင်ယူကျော်ဖြတ်ထားသူ ဖြစ်သည်။

## ဒဏ်ရာကြောင့် စက်တင်ဘာလလယ်အထိ အေဆန်စီယို အနားယူရဖွယ်ရှိ

ရီးရဲမက်ဒရစ်အသင်း ခံစစ်ကစားသမား ရာအူးလ် အေဆန်စီယိုသည် ပေါင်ကြွက်သားဒဏ်ရာကြောင့် လာမည့် စက်တင်ဘာလလယ်အထိ အနားယူရဖွယ်ရှိကြောင်း သိရသည်။ ရီးရဲမက်ဒရစ်အသင်းက အဆိုပါ ကစားသမား၏ ဒဏ်ရာသက်လာမည့် အချိန်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း စပိန်မီဒီယာများက သီတင်းခြောက်ပတ်ခန့်အတွင်း ပြန်လည်သက်သာလာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ယင်းဒဏ်ရာကြောင့် အေဆန်စီယိုသည် နည်းပြသစ် မော်ရင်ဟိုလက်ထက် လက်ကျန် ရာသီအကြို ပွဲစဉ်များတွင် ပါဝင်ကစားနိုင်တော့မည် မဟုတ်ပေ။

■ မိုးဇက် – စုစည်းရေးသားသည်



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန) များအကြောင်းကို ပြည့်ပြည့်စုံစုံလေး ဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about food and cooking–1 (အစားအစာတွေနဲ့ ချက်ပြုတ်ခြင်းနဲ့ဆိုင်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။)ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်)အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

Descriptive Adjectives (သရုပ်ဖော်နာမဝိသေသန)

Exercise –1

Put suitable Descriptive Adjectives in the blanks.

e.g. The .............. soldier was awarded a medal.

The **brave** soldier was awarded a medal.

1. He was bitten by .............. snake.
2. Most clocks have .............. faces.
3. I need a .............. knife to cut the meat.
4. Grass is ..............
5. We can't do these sums. They are too ..............
6. You must read this story. It is very ..............
7. They helped the .............. man to cross the road.
8. The .............. driver knocked into a lamppost.
9. She burnt her fingers on the .............. stove.
10. Linda is .............. because she has won a prize.
11. Alice has .............. hair and .............. eyes.
12. I felt very .............. so I switched on the fan.

Demonstrative Adjectives (ညွှန်ပြနာမဝိသေသန)

ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်အရာဖြစ်ကြောင်း ညွှန်ပြပြောဆိုရာတွင်သုံးသော စကားလုံးများကို Demonstrative Adjective (ညွှန်ပြနာမဝိသေသန) ဟုခေါ်သည်။

Demonstrative Adjectives (ညွှန်ပြနာမဝိသေသန) များ

- This (ဤ–နည်း)
- That (ထို–နည်း)
- These (ဤ–များ)
- Those (ထို–များ)
- Such (ထိုကဲ့သို့သော–နည်း)
- Such (ထိုကဲ့သို့သော–များ)
- Yon /Yonder (ဟိုမှာ–နည်း)
- Yon/Yonder (ဟိုမှာ–များ)

Demonstrative Adjectives (ညွှန်ပြနာမဝိသေသန)

| Singular | Plural |
|---|---|
| this | these |
| that | those |
| such | such |
| yon | yon |
| yonder | yonder |

- *This* boy is stronger than Hari.
- Take *this* pencil, leave *that* pen.
- *That* boy is industrious.
- *These* grapes are sweet; *those* mangoes are sour.
- *Those* rascals must be punished.
- Smith is crooked. I hate *such* kind of stupid person.
- They are kind and generous. I like *such* people.
- *Yonder* fort once belonged to Shivaji.
- Don't be in *such* a hurry.
- I hate *such* things.

Quantitative Adjectives (ပမာဏပြနာမဝိသေသန)

Quantitative Adjectives (ပမာဏပြနာမဝိသေသန)ဆိုသည်မှာ ရေတွက်မရနာမ်တစ်ခု၏ ပမာဏအတိုင်းအတာကို ဖော်ပြပေးသည့် စကားလုံးများကို ဆိုလိုသည်။

Quantitative Adjectives (ပမာဏပြနာမဝိသေသန) များ

- little (ပမာဏနည်းနည်း)
- a little (အနည်းငယ်မျှသောပမာဏ)
- some (အချို့သော)
- no (မရှိသော)
- half (ထက်ဝက်သော)
- whole (တစ်ခုလုံးသော)
- enough (လုံလောက်သော)
- much (ပမာဏများများ)
- a lot of (များပြားလှသောပမာဏ)
- any (တစ်စုံတစ်ခုသော)
- all (အားလုံးသော)
- sufficient (လုံလောက်သော)
- great (လွန်ကဲသော)

## Vocabulary Enrichment Programme

1. to square one = (အစက ပြန်စသည်)
   After failing the exam, he was back to square one.
   စာမေးပွဲကျပြီးနောက် သူအစကနေ ပြန်စရတယ်။
2. back against the wall = (အခက်အခဲကြီးနှင့် ရင်ဆိုင်ရသည်။)
   The company has its back against the wall.
   ကုမ္ပဏီက အခက်အခဲကြီးနဲ့ ရင်ဆိုင်နေရတယ်။
3. back to the drawing board = (အစီအစဉ်အသစ် ပြန်စရသည်)
   The plan failed, so it's back to the drawing board.
   အစီအစဉ်ကျရှုံးခဲ့တဲ့အတွက် အသစ်ကနေပြန်စရတယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about food and cooking–1
### (အစားအစာတွေနဲ့ ချက်ပြုတ်ခြင်းနဲ့ဆိုင်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။)

***Just like you said …***

***Need to keep cooking…***

***They should be fresh and crunchy.***

၁။ မင်းပြောသလိုပဲလို့ ပြောချင်တဲ့အခါမှာ များသောအားဖြင့် **Just like you said** ဆိုပြီး ပြောလေ့ရှိပါတယ်။ သူပြောသလို ကိုယ်လုပ်ခဲ့တာပဲ ဆိုရင်လည်း အဲဒီလိုပဲ ပြောနိုင်ပါတယ်။ **ဥပမာ–**

– I cooked it for two hours, **just like you said!**

၂။ တစ်ခုခုလုပ်ဖို့လိုတယ်လို့ ပြောချင်ရင် **need to + base form** နဲ့သုံးပါတယ်။

ဒီနေရာမှာ ဆက်ပြီး ချက်ပြုတ်ဖို့လိုတယ်လို့ ပြောတဲ့အတွက် **need to keep cooking** နဲ့သုံးပါတယ်။

ဥပမာ –

– You **need to keep cooking** it until it's tender.

၃။ တစ်ခုခုဖြစ်သင့်တယ်လို့ ပြောချင်တဲ့အခါမှာ **should** နဲ့သုံးပါတယ်။ အကြံပေးတဲ့သဘောလည်း ဖြစ်ပါတယ်။ ဥပမာ –

– They **should** be fresh and crunchy.

#### Conversation

**This is terrible**

**Robert:** What do you think?

**Natasha:** Oh no! This is terrible.

**Robert:** Really?

**Natasha:** First, you haven't cooked the meat long enough.

**Robert:** It's tough and really chewy.

**Natasha:** You **need to keep cooking** it until it's tender.

**Robert:** I cooked it for two hours, **just like you said!**

**Natasha:** Yes, but you also have to check that it's done! Also, these vegetables are awful! They're mushy because you've overcooked them. They **should** be fresh and crunchy.

**Robert:** Right…What about the sauce?

**Natasha:** It's not bad, but it's a little bland. A dish like this should be rich, spicy and a little sour. While you're cooking, don't forget to taste it, and add more spices, or more vinegar or whatever it needs.

#### Language Focus Point

**Describing taste**

spicy (စပ်သော)

sour (ချဉ်သော)

sweet (ချိုသော)

bitter (ခါးသော)

rich (အီဆိမ့်သော)

bland (အရသာဖွယ်သော)

mushy (ပျော့ပျောင်းသော)

tough (ပျဉ်းတွဲသော)

chewy (များများဝါးရသော)

tender (နူးညံ့သော)

crunchy (မာကြွပ်သော)

crumbly (ကြေမွလွယ်သော)

great (အလွန်ကောင်းသော)

amazing (အံ့သြဖွယ်ကောင်းသော)

fantastic (အလွန်ကောင်းသော)

tasty (အရသာရှိသော)

delicious (အရသာအလွန်ကောင်းမွန်သော)

**Say**

really delicious or absolutely delicious

**Don't say**

very delicious

**Talk about food you don't like**

awful (မနှစ်သက်ဖွယ်ကောင်းသော)

terrible (ဆိုးရွားသော)

disgusting (မုန်းစရာကောင်းသော၊ စိတ်ပျက်စရာကောင်းသော)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
## ရုံးအမှတ်(၃၂)၊ နေပြည်တော်
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၂၅) နေရာ၊ အငယ်တန်းစာရေး(လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၂) နေရာ၊ စာပို့(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရာထူး(၁)နေရာ၊ လုပ်သား (ဥယျာဉ်) (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရာထူး (၁)နေရာနှင့် လုပ်သား(အထွေထွေ) (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရာထူး (၁) နေရာတို့အတွက် သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ ဦးရေ | ပညာအရည်အချင်း | ဘာသာရပ်အလိုက် ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | စိစစ်ရေးမှူး-၂ (၂၅)ဦး | - အင်ဂျင်နီယာဘွဲ့ (အင်ဂျင်နီယာဘာသာရပ်) (မြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိသူကို ဦးစားပေးမည်) | (၉)ဦး |
| | | - စီးပွားရေးပညာဘွဲ့ (စီးပွားရေးဆိုင်ရာဘာသာရပ်) | (၅)ဦး |
| | | - သိပ္ပံဘွဲ့(ကွန်ပျူတာဘာသာရပ်) | (၃)ဦး |
| | | - ဥပဒေဘွဲ့(ဥပဒေဘာသာရပ်) | (၃)ဦး |
| | | - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိသူ | (၅)ဦး |
| (ခ) | အငယ်တန်းစာရေး (၂)ဦး | - တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ | (၂)ဦး |
| (ဂ) | စာပို့ (၁)ဦး | - အခြေခံပညာအထက်တန်း အဆင့်ရှိသူ | (၁)ဦး |
| (ဃ) | လုပ်သား(ဥယျာဉ်) (၁)ဦး | - အခြေခံပညာမူလတန်း အဆင့်ရှိသူ | (၁)ဦး |
| (င) | လုပ်သား(အထွေထွေ) (၁)ဦး | - အခြေခံပညာမူလတန်း အဆင့်ရှိသူ | (၁)ဦး |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂-၉-၂၀၂၆ ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၄-၉-၂၀၂၆ ရက်နေ့ တွင် (၃၅)နှစ်အထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website https://www.monpifer.gov.mm တွင် Download ရယူ နိုင်ပြီး လျှောက်လွှာတွင်ပါရှိသော အချက်များကို ပြည့်စုံစွာ ရေးသွင်းရမည်။ (လျှောက်လွှာ ရောင်းချခြင်း၊ ထုတ်ပေးခြင်းမပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် လိုင်စင်(ကာလာ) ဓာတ်ပုံ (၃)ပုံ၊ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)၊
(ခ) အမှတ်စဉ်(၁)(က)အတွက် ဘွဲ့လက်မှတ်မိတ္တူ/ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် လက်မှတ်မိတ္တူ၊ အမှတ်စဉ်(၁) (ခ)အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် လက်မှတ်မိတ္တူ၊ အမှတ်စဉ်(၁) (ဂ)အတွက် အခြေခံပညာအထက်အတန်းအဆင့် တက်ရောက်ခဲ့ကြောင်း ထောက်ခံချက်မိတ္တူ၊ အမှတ်စဉ် (၁) (ဃ) နှင့် (င)အတွက် အခြေခံပညာမူလတန်း အဆင့်တက်ရောက်ခဲ့ကြောင်း ထောက်ခံချက်မိတ္တူ၊ အမှတ်စဉ်အားလုံး အတွက် (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုခွင့် ကတ်ပြား ထုတ်ယူချိန်တွင် မူရင်း တင်ပြနိုင်ရမည်)၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
(င) ဝန်ထမ်းများအတွက် မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲ၏ ထောက်ခံချက်၊
(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း၊
(ဆ) လျှောက်လွှာ ပိတ်ရက်မတိုင်မီ (၁)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ထောက်ခံစာမူရင်းနှင့် ပြစ်မှု ကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းမှ ထောက်ခံစာမူရင်း၊
(ဇ) လာရောက်လျှောက်ထားသူများသည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ မဖြစ်စေရ။ (ယခင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက (သို့မဟုတ်) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပူးတွဲတင်ပြရမည်။)
(ဈ) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၂-၉-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်းနောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်သည်။

၆။ နိုင်ငံ့ဝန်ထမ်းများသည် လျှောက်လွှာ(၂)စုံကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲ၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနသို့ ၄-၉-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရန် ဖြစ်သည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျ ပေးပို့လာသော လျှောက်လွှာများ၊ ပညာအရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများကို စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ စိစစ်ရေးမှူး-၂ ရာထူး (၂၅) နေရာနှင့် အငယ်တန်းစာရေး ရာထူး (၂)နေရာတို့အတွက် လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ် ပြီးပါက သတ်မှတ်ချက် အရည်အချင်းနှင့် ကိုက်ညီသူများသည် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ၁၂-၉-၂၀၂၆ ရက်နေ့ (စနေနေ့) တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုခွင့် ကတ်ပြားများကို ၁၀-၉-၂၀၂၆ ရက်နေ့ နှင့် ၁၁-၉-၂၀၂၆ ရက်နေ့တို့တွင် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။ စိစစ်ရေးမှူး-၂ ရာထူး (၂၅) နေရာနှင့် အငယ်တန်းစာရေး ရာထူး(၂)နေရာတို့အတွက် ၁၃-၉-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့) တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခြင်းခံရပါက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန (နေပြည်တော်)တွင် တာဝန် ထမ်းဆောင်ရမည်ကို သိရှိပါကြောင်းနှင့် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၁၀။ စိစစ်ရေးမှူး-၂ ရာထူး (၂၅)နေရာနှင့် အငယ်တန်းစာရေးရာထူး (၂)နေရာ အတွက် ရေးဖြေ စာမေးပွဲဘာသာရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
(က) မြန်မာစာ (၂)နာရီမေးခွန်း
(ခ) အင်္ဂလိပ်စာ (၂)နာရီမေးခွန်း
(ဂ) အထွေထွေဗဟုသုတ (၂)နာရီမေးခွန်း

၁၁။ စာပို့ရာထူး(၁)နေရာ၊ လုပ်သား(ဥယျာဉ်)ရာထူး (၁)နေရာနှင့် လုပ်သား (အထွေထွေ)ရာထူး (၁)နေရာတို့အတွက် လူတွေ့စစ်ဆေးခြင်းကို ၁၃-၉-၂၀၂၆ ရက်နေ့(တနင်္ဂနွေနေ့)တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။ အမှတ်စဉ် (၁) (က) နှင့် (ခ) တို့အတွက် စာမေးပွဲ ဖြေဆိုသည့် ရက်များ ပြောင်းလဲမှုရှိပါက ဤဝန်ကြီးဌာန Website https://www.monpifer.gov.mm တွင် ထုတ်ပြန်ကြေညာခြင်း၊ ဖြေဆိုခွင့်ရရှိသူများထံ ဖုန်းဖြင့် ဆက်သွယ် အကြောင်းကြား ခြင်းများပြုလုပ်သွားမည်ဖြစ်ပါသည်။

၁၂။ စာမေးပွဲ အောင်မြင်ပြီးသူများ၏ အမည်စာရင်းကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန Website https://www.monpifer.gov.mm တွင် ထုတ်ပြန် ကြေညာသွားပါမည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၆၀၆၆၊ ၀၆၇-၃၄၀၆၀၆၇ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရန်ကုန် မြို့နှင့် မန္တလေးမြို့များတွင် ရေရှည်သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်နှင့် အသင်းမှ အသုံးပြုလျက်ရှိသော မော်တော်ယာဉ်များအား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် နေပြည်တော်၊ ရန်ကုန်မြို့ နှင့် မန္တလေးမြို့များတွင် မော်တော်ယာဉ် အထွေထွေပြုပြင်ခြင်းလုပ်ငန်းများအား ရေရှည်သဘောတူစာချုပ် ချုပ်ဆို၍ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို ၃-၈-၂၀၂၆ ရက်မှ စတင်၍ ၁၇-၈-၂၀၂၆ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း (နံနက် ၉:၃၀ မှ ညနေ ၄:၃၀)ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများ နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်မှာ ၂၄-၈-၂၀၂၆ရက် ရုံးချိန်အတွင်း ( နံနက် ၉:၃၀ မှ ၄:၃၀) ဖြစ်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရမည့်နေရာ -**
(က) ထောက်ပံ့၊ ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန (နေပြည်တော်ရုံး) ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်။
**ဆက်သွယ်ရမည့်ဖုန်းနံပါတ်** - ဒေါ်စုလှိုင်ကျော် ၀၉- ၉၆၂၃၀၄၇၁၆၊
(ခ) ထောက်ပံ့၊ ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာစီမံခန့်ခွဲမှုဌာန (ရန်ကုန်ရုံး)အမှတ်-၄၂၊ ကမ်းနားလမ်း၊ ကြက်ခြေနီအဆောက်အအုံ (၄) လွှာ၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ စွယ်တော်လမ်း၊ မြေကွက်အမှတ် (၂၀၆)ဟုခေါ်တွင်သော အလျားပေ(၂၀)၊ အနံပေ(၆၀)ရှိ ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားစီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းမြင့်(၁၄/ဟကက(နိုင်)၀၀၀၁၄၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ကတိစာချုပ် ချုပ်ဆို၍ ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန္တာမောင်(၇/ပမန(နိုင်)၁၃၁၅၄၆)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းဇာခြည်(စဉ်-၄၃၈၃၅) အထက်တန်းရှေ့နေ**
**အမှတ်(၂၇၇/ပ-ထပ်)၊ ကန်တော်မင်္ဂလာလမ်း၊ (၂၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၈၂၇၈၂၇၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)ရပ်ကွက်၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၁၀၉၈) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀'x၆၀')ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်းအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်ဝင်း ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ထွန်း (၉/ပမန(နိုင်)၀၀၀၁၆၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာ (၁၂/အစန(နိုင်)၀၁၂၅၅၀)မှ အပြီးအပိုင်ဝယ်ယူရန် အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်တွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကိုဥပဒေနှင့်အညီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ပတ္တမြား(၁)လမ်း၊(၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း -၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၁၁၂/၁၁၄) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ (၈)ထပ်တိုက် အဆောက်အအုံ၏တတိယထပ်၊ ၄ လွှာ၊ (တိုက်ဘက်ကို မျက်နှာမူ၍ကြည့်လျှင်ဝဲဘက်ခြမ်း)၊ ဧရိယာ(၂၇ပေx၆၃ပေ)အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာ ဓာတ်လှေကားသုံးစွဲခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကန်ထရိုက်တာ ဦးချစ်ထွန်းဇော်(၁၂/လမန(ပြု)၀၀၁၁၄၀) (ရွှေရတနာမြန်မာ ဆောက်လုပ်ရေး)ထံမှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးစိုးမြင့်(၁၂/ပဇတ(နိုင်) ၀၁၈၃၇၇)နှင့် ဦးအောင်မိုးဦး(၁၂/မဂတ(နိုင်)၀၇၇၃၆၁) တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ကျော်နိုင် (၁၁/မတန(နိုင်)၀၃၀၃၅၆) က အပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့) ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်နိုင် (၁၁/မတန(နိုင်) ၀၃၀၃၅၆)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးသူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၆၂)**
**အမှတ်(၉၁)၊ ၄ - လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း -၀၉-၄၂၀၁၃၂၂၇၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ရှိ မြေကွက်အမှတ်(ပ-၃၁၃၀၇)ကို အမည်ပေါက် ဒေါ်ထွေး(ဘ)ဦးအောင်ဒင် ၉/ပမန(နိုင်) ၁၉၈၃၃၁မှ ဒေါ်သန္တာအောင် (ဘ)ဦးအောင်ဆွေ ၅/ငဇန(နိုင်) ၀၆၉၃၇၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထက်အောင် (၇/ပမန(နိုင်)၀၁၆၉၃၃) တိုက်အမှတ် (၄၁၄/ခ)၊ သုခမိန်လမ်း၊ (၃၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ သုခမိန်လမ်း၊ မြေကွက်အမှတ်(၄၁၄) ဟုခေါ်တွင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့မြေစာရင်း၌ ဦးစိန်လှ၊ ဦးမိုးအေးတို့အမည်ဖြင့် မှတ်သားတည်ရှိသည့် အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀ ) ရှိသည့် နှစ် (၆၀) မြေငှားဂရန်မြေကွက် ၏ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (ပေ ၂၀ x ပေ ၆၀ ) ရှိမြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခုအပိုင်ရောင်းချသူများဖြစ်ကြသည့် ဦးကြင်သိန်း (၇/ပမန(နိုင်)၀၉၁၅၈၀)နှင့် ဒေါ်ခင်အေး(၇/ပမန(နိုင်)၀၉၁၅၁၀)တို့မှ တရားဝင် အစပ်ဆက်စာချုပ်များဖြင့် ဝယ်ယူထားပြီး ၎င်းတို့မှသာလျှင် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ကြောင်းနှင့် အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည်ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထက်အောင်** | **ဒေါ်ဇင်ဝင်းထိုက် (LL.B)** |
| **(၇/ပမန(နိုင်)၀၁၆၉၃၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄)** |
| | **ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြို့နယ်တရားရုံးရှေ့၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၂၄၀၂၁၈၈** |

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့၊ အလက(၁)Grade-7 မှ မစိမ်းထက်ဝေ (ဘ)ဦးရဲအောင် ၈/ပခက (နိုင်) ၁၄၅၉၈၂ ၏သမီး အမည်မှန်မှာ မစိမ်းဝေဝေထက် ဖြစ်ပါကြောင်း။ **မစိမ်းဝေဝေထက်**

## ဖခင်အမည်ပြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက ကျော်ဇံ G-11 မှ နော်ပဲညော ၏ ဖခင်အမည်မှန်မှာ စောလားထော် ၁၄/မမက(နိုင်)၁၈၁၈၁၄ ဖြစ်ပါကြောင်း။

**စောလားထော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/4888, Myan; YANGON 6-W/T, Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၃/ကမန(နိုင်) ၀၁၆၂၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး၊ ကျောက်မဲ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၇၆၄) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမောင်မောင်ထွန်း (၁၀/ဘလန(နိုင်)၀၀၃၇၉၀)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းမြင့် (၁၀/မလမ(နိုင်)၁၁၁၁၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်က အ ရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၃၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄)၊ ရွှေဝါထွန်းလမ်း၊ မြေကွက်အမှတ်(၇၁၈)၊ အကျယ်အဝန်း ပေ(၄၀x၆၀) အကျယ်ရှိ ဦးစံငွေး အမည်ပေါက် ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှမြင့် အပါအဝင် မောင်နှမ(၅)ဦးတို့မှ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနန္ဒထက်လွင်(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၄၁၈)**
**အမှတ် - ၁၈၅/၁၈၉၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၅၀၂၀၀၀၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂရပ်ကွက်၊ အကွက်အမှတ် အ-၈၊ ဦးပိုင်အမှတ် ၂၃/၆၄x၆၅ကြား၊ ၁၁၈x ၁၁၉လမ်းကြားရှိ ဦးမောင်မောင်ခ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်စုမွန်ခင် က တရားပြိုင် ဦးမောင်မောင်ခ အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၅၃/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်စုမွန်ခင် ၁၃/တယန(နိုင်)၀၆၁၇၈၃က လမ်းဖိုး ၂၄၀ဝိ/ နှင့် ၂၅ဝိ/ ငွေရပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ 'ခ' ရပ်ကွက်၊ အကွက်အမှတ် ဟ-၆၊ ဦးပိုင်အမှတ် ၃၉/၆၈ x ၆၉ကြား၊ ၁၁၆ x ၁၁၇လမ်းကြားရှိ တပ်သားခင်မြင့် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးစိမ်းကိုကိုဦး က တရားပြိုင် တပ်သားခင်မြင့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၅/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးစိမ်းကိုကိုဦး ၁၃/သပန(နိုင်) ၀၀၀၅၇၁ က မြေဖိုး ၄၀၀ဝိ/ငွေရပြေစာ၊ မြေချထားမိန့်၊ တောဂရန်၊ ၂၄၀ဝိ/လမ်းဖိုးငွေသွင်းပြေစာ၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စရပ်ကွက်၊ အကွက်အမှတ် တတ-၁၄၊ ဦးပိုင်အမှတ် ၆၈/၆၁x၆၂ကြား၊ ၁၂၄x၁၂၅လမ်းကြားရှိ တကကအုန်းကြိုင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးဝင်းညွှန့်က တရားပြိုင် တပ်ကြပ်ကြီး အုန်းကြိုင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၄/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးဝင်းညွှန့် ၉/မနမ(နိုင်)၀၇၁၀၉၅က လမ်းဖိုး ၂၄၀ဝိ/ ၊ မြေဖိုး ၄၀၀ဝိ/ငွေရပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၁ နှင့် ၅)**

**မင်္ဂလာဒုံခရိုင်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၃**

ဦးမောင်မောင်ဝင်း **နှင့်** ၁။ ဒေါ်စန်းစန်းညို
၂။ ဒေါ်ခင်ဝါ

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ ပန်းခြံ(၃၄)၊ သံမဏိ(၃)လမ်း၊ အမှတ်(၂၈၈)နေ (၁)တရားပြိုင် ဒေါ်စန်းစန်းညို (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ငွေကျပ်(၄၅၀၀၀၀၀၀/-) (ငွေကျပ်သိန်းလေးရာငါးဆယ်တိတိ) နှင့် နစ်နာကြေးငွေကျပ်(၂၀၀၀၀၀၀၀/-) (ငွေကျပ်သိန်းနှစ်ရာတိတိ) စုစုပေါင်းငွေကျပ်(၆၅၀၀၀၀၀၀/-) (ငွေကျပ်သိန်း ခြောက်ရာငါးဆယ်တိတိ)ပြန်လည်ရရှိလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေးရက်)က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဖြူအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကြော်ငြာစာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၁၂) ရပ်ကွက်၊ အကွက်အမှတ် ၄၈/ခိုလောင်းရပ်၊ ဦးပိုင်အမှတ် (၃/ခ၁-က)၊ မြေချိန်ဧရိယာ (၀ဒသမ၀၈၄) ဧက၊ မြေဂရန်အမှုတွဲအမှတ် ၃၀၇-၅/၂၀၂၃-၂၀၂၄ သည် ဒေါ်နန်းလှခင် ၁၃/လရန (နိုင်) ၁၁၆၉၃၈ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်နှင့် အကျိုးခံစားခွင့်အားလုံးအား ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊အာမခံအဖြစ်ထားခြင်းတို့အား မပြုလုပ်ပါရန် ဒေါ်နန်းလှခင် ၏ ခင်ပွန်းဖြစ်သူ ကျွန်ုပ် ဦးစိုင်းရွှေအောင် ၁၃/လရန(နိုင်) ၁၃၀၇၁၃ (ဘ) ဦးဆန်မွန်း မှ အသိပေး ကြော်ငြာအပ်ပါသည်။ **ဦးစိုင်းရွှေအောင် ၁၃/လရန(နိုင်)၁၃၀၇၁၃**
**အမှတ်(၄/၁၆/၁၃၆-ခ) နယ်မြေ (၁၆) ၊ခိုလောင်းလမ်း၊(၁၂)ရပ်ကွက်၊**
**လားရှိုးမြို့၊ဖုန်း - ၀၉-၂၅၂၅၀၅၀၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ ပါမောက္ခလမ်းသွယ်၊ အမှတ်-၇၂၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉/သမိုင်း)၊ မြေကွက်အမှတ်(၂၅-က)ဟုခေါ်တွင်သော အလျား(ပေ၄၀ X အနံ ၁၂၂ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ဖခင်ဖြစ်သူ ဦးတင်စိုးမှ သမီးဖြစ်သူ ဒေါ်သန်းသန်းမြင့်(၁၂/အစန(နိုင်)၀၃၅၁၆၈)ထံသို့ (၁၅- ၅- ၁၉၉၈)ရက်မှစ၍ "မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်"ဖြင့် အပြီးအပိုင်ပေးအပ်ခဲ့သည့်အတွက် ကျွန်မဒေါ်သန်းသန်းမြင့်တစ်ဦးတည်းပိုင်ဆိုင်သည်မှာ မှန်ကန်ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများသည် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သန်းသန်းမြင့်** | **ဒေါ်ငွေလာ (LL.B)** |
| **(၁၂/အစန (နိုင်)၀၃၅၁၆၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၆၂)** |
| | **အမှတ်(၁၀/၂၁)၊ ရွာလယ်လမ်း၊** |
| | **တညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။** |
| | **ဖုန်း-၀၉-၉၅၅၉၀၈၀၅၆၊ ၀၉-၂၅၄၁၃၉၆၁၀** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/69506, Thai Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ကိုကို ၉/အမဇ(နိုင်) ၀၉၄၁၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9A/7813, Toyota Townace KM50 P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းလွင် ၉/မနမ(နိုင်) ၀၂၃၂၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/29691 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဘိုထွန်း ၉/မကန(နိုင်)၁၀၆၁၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/59772, Super Anbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းမြ ၉/ခအဇ(နိုင်)၀၀၉၁၅၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ (ဘ)ဦးအေးဝင်း၏သမီး ဒေါ်ထက်ထက်ဝင်း (၅/ကလထ(နိုင်)၃၀၄၆၂၉) အား ဒေါ်ထိပ်ထားထက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ (ဘ) ဦးပေါရင်၏သမီး ဒေါ်ခင်ချိုဝင်း (၅/ကလထ(နိုင်) ၁၁၅၅၉၇)အား ဒေါ်ခင်ချို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် အထက (ဝမ်းတွင်း) Grade-11 မှ မောင်စိုးထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးပြည့်နိုင် ၉/ဝတန(နိုင်)၂၁၉၄၈၈ ဖြစ်ပါကြောင်း။

**ဦးပြည့်နိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် အထက (သဲတော) Grade-11 မှ မလင်းဝတ်မှုံ၊ ကျောက်ပုံကျေးရွာနေ မသူဇာနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်(ခ)ဦးမောင်ခင် ၉/ဝတန(နိုင်)၀၄၅၅၉၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်(ခ)ဦးမောင်ခင်**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၅၁၊ မြေကွက်အမှတ်(၁၄၅၃)၊ ဧရိယာအကျယ်အဝန်းပေ(၄၀ X ၆၀) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ( ၂၀ X ၆၀ )ရှိ (လမ်းမှမြေကွက်အား မျက်နှာမူလျှင်ညာဘက်ခြမ်း)ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ မြို့မြေစာရင်းတွင် ဦးမြညွန့် (CF-023195)အမည်ဖြင့် မှတ်သားထားပြီး ဦးမြညွန့်ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ခင် (၁၁/တကန(နိုင်)၀၀၂၇၅၂)မှ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နှင်းနှင်းအောင် (၁၁/သတန(နိုင်)၀၀၀၂၉၇) က ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီစိုး LL.B. D.M.L, D.B.L., D.I.P.L**
**အထက်တန်းရှေ့နေ (စဉ်-၂၃၁၉၆)**
**တိုက်(၄)၊အခန်း(၃၀၅)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၄၄၄၄၀၃၃၀၂၊ ၀၉-၉၆၇၅၃၉၂၈၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မီးပြစံပြ ကျေးရွာ၊ မြသီတာရပ်ကွက်၊ ခေတ္တာမြိုင်လမ်း၊ အမှတ်(၂၇၈)နေ ဦးအေးလွင်(၁၂/ကတန(နိုင်)၀၁၅၆၇၅)နှင့် ဒေါ်စိန်(၁၂/ကတန(နိုင်)၀၁၅၆၈၉)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်မ၏မိတ်ဆွေဖြစ်သူ ဦးအေးလွင် နှင့် ဒေါ်စိန် တို့၏သားဖြစ်သူ ဦးမြတ်ကိုလွင်(၁၂/ကတန(နိုင်)၁၂၀၅၅၈)သည် မိဘ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန်ပြုမူသဖြင့် ဦးမြတ်ကိုလွင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ဦးမြတ်ကိုလွင်နှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ ဦးအေးလွင်၊ ဒေါ်စိန်တို့နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအေးလွင်** | **ဒေါ်ခိုင်ယဉ်အေး** |
| **၁၂/ကတန(နိုင်)၀၁၅၆၇၅** | **LL.B., D.B.L, W.I.P.O (Switzerland)** |
| **ဒေါ်စိန်** | **တရားလွှတ်တော်ရှေ့နေ** |
| **၁၂/ကတန(နိုင်)၀၁၅၆၈၉** | **(စဉ်-၁၀၅၃၂/၂၀၁၅)** |
| | **အမှတ်(၇၄)၊ စက်ရုံလမ်း၊** |
| | **စံချိန်မီရပ်ကွက်၊ ကျောက်တန်းမြို့။** |
| | **ဖုန်း-၀၉-၅၀၅၈၈၉၉၊ ၀၉-၇၉၉၄၄၉၆၄၅** |

## အများသိစေရန်ကြော်ငြာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက် နေ ဦးသန်းထွန်းလှ ၁၄/ကခန(နိုင်) ၀၀၂၃၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ဇနီးဖြစ်သူ ဒေါ်အေးအေးမွန် ၁၁/စတန(နိုင်)၀၄၄၆၈၁ သည် (၂၄-၇-၂၀၂၆) ရက်က မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှအပြီးအပိုင်ဆင်းသွားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ သဘောတူသိရှိခြင်းမရှိဘဲ ဒေါ်အေးအေးမွန် တစ်ဦးတည်းဆောင်ရွက်ခဲ့သော ငွေရေးကြေးရေးကိစ္စများတွင် ကျွန်ုပ်မိတ်ဆွေ ဦးသန်းထွန်းလှ နှင့် ပတ်သက်စပ်ဆိုင်မှုမရှိပါကြောင်းနှင့် ဒေါ်အေးအေးမွန် တစ်ဦးတည်း၏သဘောဆန္ဒအလျောက် ပြုလုပ်ဆောင်ရွက်ထားသော ငွေရေးကြေးရေးအပါအဝင်မည်သည့်ကိစ္စအဝဝကိုမှ ကျွန်ုပ်မိတ်ဆွေက လုံးဝတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၂)**
**ရတနာဒီပရပ်ကွက်၊ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၉-၄၀၂၅၃၆၂၆၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၅)၊ ၅လွှာနေ ဦးဇော်ဝင်း ၁၂/မဂတ(နိုင်) ၀၂၈၁၇- ဒေါ်စန္ဒာဝင်း ၁၂/မဂတ(နိုင်) ၀၂၈၅၆၁တို့၏သား မောင်သူရိန်အောင် ၁၂/မဂတ(နိုင်) ၁၁၁၇၂၄သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ ယနေ့မှစ၍ နောက်နောင်တွင် မောင်သူရိန်အောင်နှင့် စပ်လျဉ်းသော ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း ၁၂/မဂတ(နိုင်) ၀၂၈၁၇-**
**ဒေါ်စန္ဒာဝင်း ၁၂/မဂတ(နိုင်) ၀၂၈၅၆၁**
**မင်္ဂလာတောင်ညွန့်မြို့နယ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**တောင်ကြီးမြို့နယ်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၆**

ဦးမြင့်လွင် **နှင့်** ဦးစိုင်းဆမ်

**(တရားလို)** **(တရားပြိုင်)**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ နောင်အင်ကျောင်းလမ်းနေ ဦးစိုင်းဆမ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးမြင့်လွင်က "အိမ်မြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ် လ ၁၈ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( စိုင်းအောင်မြင့်ဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း Grade-9 မှ မဖူးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမျိုးစန်း ၁၄/ဘကလ(နိုင်)၂၅၇၀၃၁ ဖြစ်ပါကြောင်း။

**ဦးမျိုးစန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်းအမှတ်(၂၈၆၈)၊ လေးရွာကွင်း၊ မြေကွက်အမှတ် (၃၅/၁၅၀၂)၊ မြေဧရိယာ(၀.၀၆၀)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးကျော်မင်းထိုက် ၉/ညဥန(နိုင်) ၁၅၇၄၂၉၊ ဒေါ်မေဇာဦး ၉/ညဥန(နိုင်)၁၇၃၀၅၁၃မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆) မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၇၅၉) ဟုခေါ်တွင်သော မြေအလျား Xအနံ ပေ(၄၀X၆၀)ရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူဒေါ်တင်အုန်း(ISN-၅၁၇၆၇၅)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသက်နိုင်ထွန်း (၁၂/ကတတ(နိုင်)၀၂၃၈၇၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံသီရိအိမ်ရာ၊ မြဝတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၃/၂) ၊မြေကွက်အမှတ်(၁၂၆/၉)ဟု ခေါ်တွင်သော ဦးနိုင်လင်းစိုး၊ ဒေါ်ဖွန့်ပွင့်ငုံထွေး၊(အမည်ပေါက်) နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ မြေအကျယ်အဝန်း( အလျား ပေ၅၀Xအနံ၆၈ပေ) ဧရိယာ(၀.၀၇၈)ဧကရှိ မြေကွက်နှင့်နေအိမ်အား ၎င်းတို့တရားဝင်လက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိကြောင်း၊ ဝန်ခံကတိပြုသူများ ဖြစ်ကြသော အဆိုပါနှစ်(၆၀)မြေငှားဂရန်( အမည်ပေါက် ) ဦးနိုင်လင်းစိုး(၁၂/အစန(နိုင်)၁၉၆၈၅၉)၊ ဒေါ်ဖွန့်ပွင့်ငုံထွေး(၈/မသန(နိုင်)၀၇၉၁၃၂)တို့ထံမှ အပြီးအပိုင်ပြန်လည်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စန်းမြင့် (၁၂/သဃက(နိုင်)၀၀၈၂၆၂)သည် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသည့်မြေကွက်နှင့်နေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းမြင့် (၁၂/သဃက(နိုင်)၀၀၈၂၆၂)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၃၆)**
**အမှတ်(၁၄၁၃/ခ)၊ကံ့ကော်မြိုင်လမ်း၊၅၄ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ဖုန်း-၀၉-၇၉၅၃၈၁၃၅၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၂၂၀၂-ဘီ) ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဦးခင်မောင်ဝင်း ၃/လဘန(နိုင်)၀၁၄၁၄၀ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ခိုင်ရည်မွန်ထွန်း(ဘ)ဦးသိန်းထွန်း ၉/ပဥလ(နိုင်) ၀၂၀၉၇၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/19405, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းကိုကို ၁၄/ဖပန(နိုင်)၁၈၈၀၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၇-ရပ်ကွက်၊ အမှတ်(၃၁၃)၊ အကျယ်အဝန်း (ပေ ၄၀ X ပေ ၆၀ )ရှိသည့်မြေကွက်သည် ဦးမြင့်လှိုင်အမည်နှင့် မြေချပါမစ်ရရှိထားပြီး၊ စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ယင်ယင်လေး(၁၀/မဒန(နိုင်)၂၉၄၉၄၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သည့် ဒေါ်အေးသန်း(၅/ဘတလ(နိုင်)၀၆၈၇၃၈)နှင့် ဒေါ်ဝင်းစန္ဒာ (၅/ဘတလ(နိုင်)၁၃၇၆၁၁) တို့က အပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၉၁)**
**အမှတ်(၆)၊ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း ၀၉-၂၅၃၈၃၃၉၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3681, Dong FENG, Water BOWSER ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၅/မရန(နိုင်) ၁၂၇၅၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

# ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် အဋ္ဌမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် (Recruitment Point System) ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS-TOPIK, Ubiquitous Based Test ) နှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)ကျင်းပပြုလုပ်ရန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် အမှတ်ပေးစနစ်ဖြင့် နိုင်ငံခြားသား အလုပ်သမားများ ခန့်ထားမှုစနစ် (Point System for Recruitment of Foreign Workers)ကို မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်မှ စတင် ဆောင်ရွက်လျက်ရှိပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်သည် အလုပ်လုပ်ကိုင်လိုသူ၏ ကိုရီးယားဘာသာစကားကျွမ်းကျင်မှု၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေနှင့် အတွေ့အကြုံများပါ စစ်ဆေးခြင်းဖြစ်ပြီး အထူးသဖြင့် မျက်စိအရောင်ခွဲခြားနိုင်မှုမရှိခြင်းနှင့် ကိုယ်လက်အင်္ဂါချို့ယွင်းချက်တစ်ခုခုရှိနေခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အခြေအနေမျိုးတို့သည် စာမေးပွဲအောင်မြင်ခွင့်ရရှိမည်မဟုတ်ပါ။

၂၀၂၆ ခုနှစ်တွင်ကျင်းပမည့် အဋ္ဌမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်ဖြင့် ၁၇ ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲတွင် မြန်မာနိုင်ငံမှ လုပ်သားများအား **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းတို့အတွက်** ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း(EPS–TOPIK)နှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test)တို့ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

၁။ **ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းအမျိုးအစား | | |
|---|---|---|---|---|
| | | စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | ဆောက်လုပ်ရေး လုပ်ငန်း | သစ်တော လုပ်ငန်း |
| (က) | **ပထမအဆင့်** online စနစ်ဖြင့် စာမေးပွဲ လျှောက်လွှာ တင်သွင်းခြင်း၊ | ၆–၈–၂၀၂၆ ရက်မှ ၁၀–၈–၂၀၂၆ ရက်အထိ | | |
| (ခ) | စာမေးပွဲကျင်းပမည့် နေ့ရက် နှင့် အချိန် ကြေညာခြင်း၊ | ၃၁–၈–၂၀၂၆ ရက် | | |
| (ဂ) | ကိုရီးယားဘာသာ အရည်အချင်း စစ်ဆေးခြင်း (EPS–TOPIK) | ၉–၉–၂၀၂၆ ရက်မှ ၉–၁၀–၂၀၂၆ ရက်အထိ | | |
| (ဃ) | EPS–TOPIK စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာခြင်း | ၁၆–၁၀–၂၀၂၆ ရက် | | |
| (င) | **ဒုတိယအဆင့်** အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း(Skills Test) အတွက် လုပ်ကိုင်နိုင်မှု အရည်အသွေး စစ်ဆေးမှု ခံယူရန်အထောက်အထားများတင်သွင်းခြင်း၊ | ၂၉–၁၀–၂၀၂၆ ရက်မှ ၃၁–၁၀–၂၀၂၆ ရက်အထိ | | |
| (စ) | အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း (Skills Test)အတွက် နေရာ၊ ရက်နှင့် အချိန်ကြေညာခြင်း | ၂–၁၁–၂၀၂၆ ရက် | | |
| (ဆ) | အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း (Skills Test)နှင့် လုပ်ကိုင်နိုင်မှု အရည်အသွေး (Job Capacity Assessment) စစ်ဆေးခြင်း | ၁၁–၁၁–၂၀၂၆ ရက်မှ ၁၄–၁၁–၂၀၂၆ ရက်အထိ | | |
| (ဇ) | အပြီးသတ်အောင်စာရင်းကြေညာခြင်း | ၂၀–၁၁–၂၀၂၆ ရက် | | |

မှတ်ချက် (၁) **ဖြေဆိုမည့်သူဦးရေပေါ်မူတည်၍ အထက်ဖော်ပြပါ အချိန်ဇယားပြောင်းလဲနိုင်ပါသည်။**
စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ ဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင် အမျိုးအစားတစ်ခုကိုသာ (ဥပမာ" **ဆောက်လုပ်ရေးလုပ်ငန်း**"ဟု)ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြုဖြည့်စွက်ရပါမည်။
(၂) ဖြေဆိုသူများရရှိသည့် ရမှတ် အများ၊ အနည်းအလိုက် အောင်မြင်မှုဦးရေ သတ်မှတ်ချက်အရ အောင်စာရင်းထုတ်ပြန်၍ အလုပ်လျှောက်လွှာတင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၂။ **လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်မှုဦးရေ(ခန့်မှန်း)**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် | အောင်မြင်သူဦးရေ (ခန့်မှန်း) |
|---|---|---|
| စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၁၀၀)အနက် အမှတ်(၄၅)နှင့်အထက် | ၇၀၀ |
| ဆောက်လုပ်ရေးလုပ်ငန်း၊ | | ၅၀၀ |
| သစ်တောလုပ်ငန်း | | ၁၀၀ |

၃။ **ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS–TOPIK) အောင်မြင်သူများအား အခြေခံ ကျွမ်းကျင်မှု(Skills Test)နှင့် လုပ်ကိုင်နိုင်မှု အရည်အသွေး (Job Capacity Assessment) စစ်ဆေးခြင်း**

ပထမအဆင့် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း (EPS–TOPIK)အောင်မြင်သူများအားလုံးသည် ဒုတိယ အဆင့်အနေဖြင့် အခြေခံကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း (Skills Test) ခံယူရမည်ဖြစ်ပြီး ဖြေဆိုသူများရရှိသည့် စုစုပေါင်းရမှတ် အများအနည်းအလိုက် အောင်မြင်မှုနှုန်းသတ်မှတ်ချက်အရ အပြီးသတ်အောင်စာရင်းထုတ်ပြန်မည်ဖြစ်သည်။ (အခြေခံကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်းစာမေးပွဲ လျှောက်ထားဖြေဆိုခြင်းမရှိသူများ အပြီးသတ်အောင်စာရင်းတွင် ပါဝင်မည်မဟုတ်ပါ။) အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခံရန် လျှောက်လွှာတင်သွင်း ရာတွင် လျှောက်ထားသည့်လုပ်ငန်းနှင့် သက်ဆိုင်သော နိုင်ငံအဆင့်ကျွမ်းကျင်မှုလက်မှတ်၊ အသက်မွေးဝမ်းကျောင်း သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံ (တစ်နှစ်နှင့်အထက်) ရှိသူများသည် သက်ဆိုင်ရာ အထောက်အထားများ ပူးတွဲတင်ပြရန်ဖြစ်သည်။ ထိုသူများအတွက် လုပ်ကိုင်နိုင်မှုအရည်အသွေး (Job Capacity Assessment) စစ်ဆေးမှုပြုလုပ်မည်။ သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံမရှိပါက ပူးတွဲတင်ပြရန်မလိုပါ။ သင်တန်းအောင်လက်မှတ် လုပ်ငန်းအတွေ့အကြုံ အထောက်အထားများကို သတ်မှတ်ကြေညာပေးမည့် ပုံစံအတိုင်းပြုစုတင်ပြရမည်။ ထိုသို့တင်ပြရန် အသေးစိတ်အချက်အလက်များကို စာမေးပွဲအောင်စာရင်းကြေညာပြီးနောက် ထပ်မံ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

၄။ **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် အမှတ်ပေးစည်းမျဉ်း**

| လုပ်ငန်း အမျိုးအစား | ပေးမှတ် စုစု ပေါင်း | EPS–TOPIK | ကျွမ်းကျင်မှု စစ်ဆေး ခြင်း | လျှောက်ထားသည့် လုပ်ငန်း လုပ်ကိုင်နိုင်မှု အကဲဖြတ်အမှတ် | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ပေါင်း | လုပ်ငန်း အတွေ့ အကြုံ | အသက် မွေးဝမ်း ကျောင်း သင်တန်း | ပညာအရည် အချင်း | နိုင်ငံအဆင့် ကျွမ်းကျင်မှု လက်မှတ် |
| စိုက်ပျိုးရေးနှင့် မွေးမြူရေး | ၂၀၀ | ၁၀၀ | ၁၀၀ | ၅ | ၂/၁ | ၁ | ၁ | ၁ |
| ဆောက်လုပ်ရေး သစ်တောလုပ်ငန်း | | | | | | | | |

**မှတ်ချက်**။ E8 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ရာသီချိန်လုပ်သားအဖြစ် ၅ လအထက် လုပ်ကိုင်ဖူးသူဖြစ်ပါက လုပ်ငန်းအတွေ့အကြုံတွင် ရမှတ်ပိုရရှိမည်ဖြစ်ပါသည်။

၅။ **သတ်မှတ်ချက်များ**
(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း၊
(၁၉၈၆ ခုနှစ်၊ ဩဂုတ်လ(၇)ရက်မှ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့အတွင်း မွေးဖွားသူများ)
(ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/ မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန်တားမြစ်ခြင်းမခံရသူ၊
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ ပြန်ပို့ခြင်းမခံရသူ၊ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်)
(ဃ) E–9, E–10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၅ နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့် မရှိပါ။
(င) ကျန်းမာရေးကောင်းမွန်သူ၊ အရောင်များ ကောင်းစွာခွဲခြား သိမြင်နိုင်စွမ်းရှိသူ (Colour Blind မဟုတ်သူ)။ (ကျန်းမာရေး အတွက်ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၆။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**
– စာမေးပွဲလျှောက်လွှာတင်သွင်းခြင်းကို online စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စာမေးပွဲ လျှောက်လွှာ တင်သွင်းနိုင်ရန် link (သို့မဟုတ်) QR Code ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook “POEA–EPS” တို့တွင် ရယူနိုင်မည်ဖြစ်ပြီး လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –
(၁) နိုင်ငံကူးလက်မှတ်(scanned passport)အား ပူးတွဲတင်ပြရာတွင် file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး scanned passport အတွက် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –
(ကက) File size – 100kb (or) smaller
(ခခ) Resolution – 600 Pixels.
(ဂဂ) File type – JPG.
(၂) ဓာတ်ပုံပူးတွဲတင်ပြရာတွင်(၆)လအတွင်း ရိုက်ထားသည့် ဓာတ်ပုံဖြစ်ရမည်ဖြစ်ပြီး passport စာအုပ်ပါ ဓာတ်ပုံနှင့်ကွဲလွဲမှုရှိပါက စာမေးပွဲဖြေဆိုခွင့်ရရှိမည်မဟုတ်ပါ။ ပူးတွဲဓာတ်ပုံ၏ File name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး ပူးတွဲဓာတ်ပုံ၏ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –
(ကက) File size – Under 15 kb (3.5 x4.5 cm)
(ခခ) Resolution – 100–300 Pixels.
(ဂဂ) File type – JPG.
(ဃဃ) ဓာတ်ပုံနောက်ခံအရောင်– အဖြူရောင်
(၃) **စာမေးပွဲဖြေဆိုမည့်သူများ online စနစ်ဖြင့် လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်မှတ် အမျိုးအစား (PV / PJ/ ....) နှင့် သက်တမ်း ကန့်သတ်ခြင်းမရှိဘဲ လျှောက်လွှာ တင်သွင်းနိုင်ပါသည်။ သို့ရာတွင်အောင်စာရင်းထွက်ပြီး အလုပ်လျှောက်လွှာ တင်သွင်းရာတွင် နိုင်ငံကူး လက်မှတ်အမျိုးအစား Passport for Job (PJ) ဖြင့်သာ လျှောက်လွှာလက်ခံမည်ဖြစ်ပါသည်။**
(၄) online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာတင်သွင်းရမည့် နည်းလမ်းအသေးစိတ်ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook POEA–EPS တွင် ထပ်မံကြေညာမည်ဖြစ်ပါသည်။

၇။ **စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းခြင်း**
(က) online မှစာမေးပွဲလျှောက်လွှာ တင်သွင်းမှု အောင်မြင်သူသည် မိမိတို့လက်ကိုင်ဖုန်းသို့ လျှောက်လွှာ နံပါတ် ပြန်လည်လက်ခံရရှိမည်ဖြစ်ပါသည်၊
(ခ) လျှောက်လွှာနံပါတ်အလိုက် စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းရမည့် ရက်၊ နေရာနှင့် အချိန်တို့ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook POEA–EPS တွင် ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်၊
(ဂ) စာမေးပွဲမှတ်ပုံတင်ကြေး အမေရိကန်ဒေါ်လာ ၂၈ ဖြစ်ပါသည်
– လျှောက်ထားသူများသည်အကြောင်းအမျိုးမျိုးကြောင့်လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲ မှတ်ပုံတင်ကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၈။ **စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာမည့်နည်းလမ်း**
(က) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook POEA–EPS၊
(ခ) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS–TOPIK) နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ http//www. eps.go.kr, http//epstopik.hrdkorea.or.kr ၊
(ဂ) စာမေးပွဲသက်တမ်းသည် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်းနှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း စာမေးပွဲကျင်းပပြီး အောင်စာရင်း ထုတ်ပြန်ကြေညာသည့်ရက်မှ (၂) နှစ်တာကာလ။

၉။ **EPS–TOPIK စာမေးပွဲ မေးခွန်းပုံစံနှင့်အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်း အရေ အတွက် | ပေးမှတ်ပေါင်း ဆောက်လုပ်ရေး/ စိုက်ပျိုးရေးနှင့် မွေးမြူရေး/ သစ်တောလုပ်ငန်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ် စွမ်းရည် (Reading) | ၂၀ | ၁၀၀ | ၅၀ မိနစ် | အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည်စာမေးပွဲအား နားချိန်မထားဘဲ ဆက်တိုက် ဖြေဆိုရမည် |
| အကြား စွမ်းရည် (Listening) | ၂၀ | | | |
| စုစုပေါင်း | ၄၀ | | | |

**မေးခွန်းပုံစံ – Multiple–Choice question**

၁၀။ **စာမေးပွဲဖြေဆိုရမည့်အချိန် (Ubiquitous Based Test –UBT)**

| ဖြေဆိုရမည့် အချိန် | စာမေးပွဲသုံး ပစ္စည်းကိရိယာ များပြင်ဆင်ချိန် | ရှင်းလင်းဆွေးနွေး ချိန် | စာမေးပွဲဖြေဆိုချိန် အဖတ်စွမ်းရည် (၂၅မိနစ်) | စာမေးပွဲဖြေဆိုချိန် အကြားစွမ်းရည် (၂၅မိနစ်) |
|---|---|---|---|---|
| ပထမအချိန် | ၀၈:၅၀ – ၀၉:၀၀ | ၀၉:၀၀ – ၀၉:၃၀ | ၀၉:၃၀ – ၀၉:၅၅ | ၀၉:၅၅ – ၁၀:၂၀ |
| ဒုတိယအချိန် | ၁၀:၂၀ – ၁၀:၃၀ | ၁၀:၃၀ – ၁၁:၀၀ | ၁၁:၀၀ – ၁၁:၂၅ | ၁၁:၂၅ – ၁၁:၅၀ |
| တတိယအချိန် | ၁၂:၅၀ – ၁၃:၀၀ | ၁၃:၀၀ – ၁၃:၃၀ | ၁၃:၃၀ – ၁၃:၅၅ | ၁၃:၅၅ – ၁၄:၂၀ |
| စတုတ္ထအချိန် | ၁၄:၂၀ – ၁၄:၃၀ | ၁၄:၃၀ – ၁၅:၀၀ | ၁၅:၀၀ – ၁၅:၂၅ | ၁၅:၂၅ – ၁၅:၅၀ |

၁၁။ **အခြေခံကျွမ်းကျင်မှု (Skills Test) အမှတ်ပေးစည်းမျဉ်း**

| လုပ်ငန်း အမျိုးအစား | ပေးမှတ် ပေါင်း | ကျွမ်းကျင်မှုစစ်ဆေးခြင်း | | |
|---|---|---|---|---|
| | | ကိုယ်ကာယ ကြံ့ခိုင်မှု | လူတွေ့ စစ်ဆေးခြင်း | အခြေခံ ကျွမ်းကျင်မှု |
| စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | ၁၀၅ | ၃၀ | ၅၀ | ၂၀ |
| ဆောက်လုပ်ရေးလုပ်ငန်း | | | | |
| သစ်တောလုပ်ငန်း | | | | |

၁၂။ **စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရန် –**
(က) ဖြေဆိုခွင့်ကတ်ပြား
(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သောနိုင်ငံကူးလက်မှတ်)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက် ဖြေဆိုခွင့်မရှိပါ။

၁၃။ **သတိပြုရန်အချက်များ**
(က) **အရောင်များအား ခွဲခြားနိုင်စွမ်းမရှိသူ(Colour Blind) ဖြစ်ခဲ့ပါက EPS–TOPIK စာမေးပွဲ အောင်မြင်သော်လည်း ကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test) စာမေးပွဲသို့ဖြေဆိုခွင့်မရနိုင်ပါ။ သို့ပါ၍ EPS– TOPIK စာမေးပွဲဖြေဆိုလိုသူသည် လျှောက်လွှာမထုတ်ယူမီ မျက်စိအရောင်ခွဲခြားနိုင်ခြင်း ရှိ/မရှိ (Colour Blind ဟုတ်/မဟုတ်) မျက်စိရောဂါ ဆရာဝန်(သို့) ကျွမ်းကျင်သူတို့နှင့် စမ်းသပ်မှုပြုလုပ်ပြီး Colour Blind မဟုတ်ကြောင်းသေချာမှ လျှောက်လွှာတင်သွင်းစေလိုပါသည်။**
(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် လက်ကိုင်ဖုန်းအပါအဝင် အီလက်ထရွန်နစ်ပစ္စည်း၊ စက်ပစ္စည်းများအား ယူဆောင်လာခွင့်မရှိပါ။ တင်းကြပ်စွာတားမြစ်ပါသည်။ သို့ပါ၍ယူဆောင်အသုံးပြုခဲ့ပါကစည်းကမ်းလိုက်နာရန် ပျက်ကွက်သူအဖြစ် သတ်မှတ်၍ အဖြေလွှာအား ပယ်ဖျက်ခြင်းခံရမည်။
(ဂ) ထိုကဲ့သို့ စာမေးပွဲအတွင်းမမှန်ကန်သည့်အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၄) နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေများအရလည်း အရေးယူခံရနိုင်သည်။
(ဃ) **Online ဖြင့် စာမေးပွဲဖြေဆိုခွင့်လျှောက်ထားရာတွင် အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ်အောင်စာရင်းတွင်ပါဝင်ခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်ရရှိမည် မဟုတ်ပါ။ လျှောက်ထားသူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။**
(င) စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများသည် လုပ်ငန်းသဘာဝအရ အပင်ပန်းခံနိုင်သူများ၊ လုပ်ငန်းရှိရာနေရာများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သူများ ဖြစ်ရပါမည်။
(စ) မိမိရွေးချယ်လျှောက်ထားခဲ့သည့် လုပ်ငန်းအမျိုးအစားမှလွဲ၍ အခြားလုပ်ငန်းအမျိုးအစား တစ်ခုခုသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။
(ဆ) **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်(Recruitment Point System)အရ ကျင်းပပြုလုပ်သည့် စာမေးပွဲများအား မိမိဆန္ဒ အလျောက်သာ လျှောက်ထားဖြေဆိုကြပါရန်နှင့် အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့် ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက် အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။**
(ဇ) အလုပ်ရှင်နှင့်ချုပ်ဆိုရသော အလုပ်အကိုင်စာချုပ်ပါ နှစ်ကာလအတိုင်း လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။
(ဈ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ ယခင်က ကိုရီးယားသမ္မတနိုင်ငံတွင် **တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး** ထပ်မံ၍ လိမ်ညာလျှောက်ထားခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင် ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်း မဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာသဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁,၅၀၀,၀၀၀/–(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏သတ်မှတ်ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေ ဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ(၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

– အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။
– ထို့ပြင် ကျန်းမာရေးစစ်ဆေးမှု မအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်း အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ် လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ်ရွေးချယ်ခြင်း မခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

– EPS စနစ်ဖြင့် လုပ်သားစေလွှတ်ခြင်းကို ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။
– အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်အရပြုလုပ်သည့် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲနှင့် အခြေခံ ကျွမ်းကျင်မှုစာမေးပွဲ ဖြေဆိုအောင်မြင်သူများထဲမှ အောင်စာရင်းတွင်ပါရှိသူများသည် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှသတ်မှတ်ကြေညာမည့်နေ့ရက်များအလိုက် အလုပ်လျှောက်လွှာတင်သွင်းကြရန်ဖြစ်ပါသည်။ ထိုသို့ အလုပ်လျှောက်လွှာတင်သွင်းခဲ့သူများထဲမှသာ အလုပ်ရှင်မှ ရွေးချယ်ခေါ်ယူသွားမည် ဖြစ်ပါသည်။
– EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

– နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ မှတ်ပုံတင်ကြေးပေးသွင်း၍ စာမေးပွဲဖြေဆိုအောင်မြင်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိသည်အထိ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာ အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီသို့ ပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင် နှင့်ပတ်သက်ပြီး အမြန်ဆုံးထွက်ခွာသွားရောက်နိုင်ရန် ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့ အစည်းတစ်ခုခုမှဖြစ်စေ ယုံကြည်လောက်အောင် ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**

## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7မှ မခေးခေး (ဘ) ဦးပြည့်စုံ အား မပြည့်ဖြိုးခင်ခင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မပြည့်ဖြိုးခင်ခင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/98479 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
## (ပထမဆုံးအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူထားသည့် Sb ပျမ်းမျှ (21.81 %) ပါဝင်သော ခနောက်စိမ်းသတ္တုရိုင်း (၁၃၃) မက်ထရစ်တန်၊ Sb ပျမ်းမျှ (4.98 %) ပါဝင်သော ခနောက်စိမ်းသတ္တုရိုင်း (၈၂၀) မက်ထရစ်တန်နှင့် Sb ပျမ်းမျှ (28.275 %) ပါဝင်သော ခနောက်စိမ်းသတ္တုရိုင်း (၁၄.၉) မက်ထရစ်တန်တို့အား တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပထမဆုံးအကြိမ် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၃ - ၈ -၂၀၂၆ ရက် |
| (ခ) | **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - | သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ |
| (ဂ) | **တင်ဒါပိတ်ရက် နှင့် အချိန်** | - | ၁၇ - ၈ - ၂၀၂၆ ရက်၊ (၁၆:၀၀) နာရီ |
| (ဃ) | **တင်ဒါလက်ခံ/ ဖွင့်ဖောက်မည့်နေရာ** | - | သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး သစ်တောရပ်ကွက်၊ တောင်ကြီးမြို့ |
| (င) | **တင်ဒါဖွင့်ဖောက်မည့် အချိန်** | - | ၁၈-၈-၂၀၂၆ ရက်၊ (၁၄:၀၀) နာရီ |

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၂၈၃၂၁၀၆၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

